**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး**

(၂၆)ရက်မြောက်နေ့**မှတ်တမ်း**

**၁၃၇၉ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်**

**( ၂၀၁၈ ခုနှစ်၊ မတ်လ ၉ ရက် )**

**[သောကြာနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးရဲ့ (၂၆)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ**။ ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀:၀၁။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း(၂၂၃)ဦးရှိပြီး ဒီကနေ့အစည်းအဝေးကို (၁၉၁)ဦးတက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ရဲ့ (၈၅.၆၅)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀:၀၂။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးရဲ့ (၂၆)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀:၀၂။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၀၄။**

**ဦးမောင်မောင်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)**။ ။ လေးစားအပ် ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသား လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့ ၉-၃-၂၀၁၈ ရက်နေ့မှာ အစည်းအဝေးသို့

တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရဲ့ကိုယ်စား စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးဖြစ်သူ ကျွန်တော် ဦးမောင်မောင်လတ် က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဦးကျော်ထွေး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ အကျဉ်းထောင်စနစ် ပြုပြင်ပြောင်းလဲရေး ဆွေးနွေးပွဲ တက်ရောက်ရန်။ ဦးဝင်းအောင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ၎င်းအတိုင်း။ ဦးသိမ်းဆွေ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ၎င်းအတိုင်း။ ဦးကျော်ကျော်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ မျက်စိကုသရန်။ ဦးဖြေရယ်(ခ)ဦးမြင့်သန်းထွန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါ်သီရိရတနာ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါ်အိအိပြုး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါ်စန်းစန်းမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာဌေးကြွယ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ အကျဉ်းထောင်စနစ် ပြုပြင်ပြောင်းလဲရေး ဆွေးနွေးပွဲ တက်ရောက်ရန်။ ဦးဝင်းကြိုင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ၎င်းအတိုင်းနှင့် ဦးခင်ဇော်ဦး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ လယ်ယာထုတ်ကုန်စီမံခန့်ခွဲရေး ဆွေးနွေးညှိနှိုင်းပွဲ တက်ရောက်ရန် တို့ဖြစ်ကြပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ (၂၁)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ (၁၁)ဦးဖြစ်ပြီး စုစုပေါင်း ခွင့်ပန်ကြားသူ (၃၂)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ 　　။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ 　　။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား

လွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၂၃)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂၁)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၁)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်းခွင့်ပြုထားသူ (၃၂)ဦးဖြစ်ပြီး ခွင့်မဲ့ ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်း တွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**ချင်းပြည်နယ်၊ မင်းတပ်မြို့နယ်၊ ပျူစာပေ ယဉ်ကျေးမှုအဖွဲ့များမှ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းတွင် ချင်းလူမျိုးများအစား ပျူလူမျိုးများအဖြစ် ထည့်သွင်းကြသဖြင့် ပျူလူမျိုးများဟု မှတ်ပုံတင်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ ယခု ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမာန်လောမောင်း က ချင်းပြည်နယ်၊ မင်းတပ်မြို့နယ်၊ ပျူစာပေ ယဉ်ကျေးမှုအဖွဲ့များမှ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းတွင် ချင်းလူမျိုးများအစား ပျူလူမျိုးများအဖြစ် ထည့်သွင်းကြသဖြင့် ပျူလူမျိုးများဟု မှတ်ပုံတင်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၆။**

**ဦးမာန်လောမောင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သလိုက်ပါတယ်။ ကျွန်တော်ကတော့

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈) မင်းတပ်မြို့နယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမာန်လောမောင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပျူလူမျိုးများသည် ချင်းပြည်နယ်၊ မင်းတပ်ခရိုင်၊ မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်၊ မြန်မာပြည်အလယ်ပိုင်းဒေသ၊ ရခိုင်ပြည်နယ်တချို့တွင် နေထိုင်ကြကြောင်း အထောက်အထား အရ တွေ့ရှိရပါတယ်။ အဆိုပါ တွေ့ရှိချက်များကို မင်းတပ်ခရိုင်၊ မြို့နယ် ပျူစာပေနှင့် ယဉ်ကျေးမှု အဖွဲ့မှ အထက်သို့တင်ပြခဲ့ရာ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်သူများ၊ ထုတ်ဝေသူများ၊ မှတ်ပုံတင်နှင့် စာပေစိစစ်ဖြန့်ချိရေးလုပ်ငန်းများ ကြီးကြပ်မှုဗဟိုအဖွဲ့၏ ၂၀၀၉ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်နေ့ အမိန့်စာ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနရုံး၊ ညွှန်ကြားရေးမှူးချုပ်၏ စိစစ်ခွင့်ပြုချက်နှင့် ချင်းပြည်နယ်အစိုးရအဖွဲ့ ဟားခါးမြို့၏ ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက် ရက်စွဲပါစာအမှတ် ၃/၆-၅၉ (၁၈)ရေး ၁၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့ ရက်စွဲပါစာအမှတ် ၅/၂-၃၃/ဦး ၆ (၂၁၃၂) မင်းတပ်ခရိုင်၊ မှတ်ပုံတင်ရေးအဖွဲ့၊ ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မင်းတပ်ခရိုင်၊ မင်းတပ်မြို့၏ ခရိုင် ပျူလူမျိုး စာပေနှင့်ယဉ်ကျေးမှု အဖွဲ့၏ မှတ်ပုံတင်လက်မှတ်ကို ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်နေ့ ရက်စွဲဖြင့် ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ(က)အရ မှတ်ပုံတင်အမှတ် ၅/မင်းတပ်/၀၀၄ နှင့် ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်နေ့ရက်စွဲဖြင့် မင်းတပ်ခရိုင် ပျူလူမျိုး မှုခင်းသတင်းထောက်အသင်း၏ အသင်းအဖွဲ့မှတ်ပုံတင်အမှတ်ကို ဥပဒေ ပုဒ်မ ၈၊ ပုဒ်မခွဲ(က)အရ မှတ်ပုံတင်အမှတ် ၅/မင်းတပ်/၀၀၅ ဖြင့် မင်းတပ်ခရိုင် ပျူလူမျိုးများနှင့် မှုခင်း သတင်းထောက်၏ သက်တမ်းသည် ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့ ဖြစ်ပါသည်။

ထိုသို့ မှတ်ပုံတင်ခွင့်ပြုသဖြင့် မင်းတပ်ခရိုင်၊ မြို့နယ် ပျူစာပေနှင့်ယဉ်ကျေးမှုကို တရားဝင် ဖွဲ့စည်းပြီး ရုံးဖွင့်လှစ်ခဲ့ပါတယ်။ သို့ဖြစ်ပါ၍ မင်းတပ်ခရိုင်၊ မြို့နယ် ပျူစာပေနှင့်ယဉ်ကျေးမှုအဖွဲ့၏ တင်ပြချက်အရ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းတွင် ပျူလူမျိုးများဟု ထည့်သွင်းကြသဖြင့် ချင်းလူမျိုးများ ချင်းလူမျိုးမှတ်ပုံတင်အစား ပျူလူမျိုးမှတ်ပုံတင်ခွင့်ပြုပေးရန် အစီအစဉ် ရှိ/မရှိကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ ပတ်သက်ပြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၉။**

**ဖြေကြားချက်**

**ဦးသိန်းဆွေ (ပြည်ထောင်စုဝန်ကြီး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ ဖြစ်ပါတယ်။

ချင်းပြည်နယ် အမှတ်(၈)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမာန်လောမောင်း ရဲ့ မေးခွန်းနှင့်ပတ်သက်ပြီးတော့မှ ကျွန်တော် ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံမှာ နေထိုင်တဲ့ တိုင်းရင်းသားမျိုးနွယ်စု အမည်စာရင်းပြုစုရာမှာ ၁၉၃၁ ခုနှစ်တွင် ပြုစုခဲ့သော သန်းခေါင်စာရင်းအရ လူမျိုးစုစာရင်းကို အခြေခံ၍လည်းကောင်း၊ ၁၉၅၃ - ၁၉၅၄ ခုနှစ် လူမျိုးစုစာရင်းအရလည်းကောင်း၊ ၁၉၆၀ ပြည့်နှစ်မှာ ယဉ်ကျေးမှုဝန်ကြီးဌာန လက်အောက်မှာရှိတဲ့ ရှေးဟောင်းစာပေနှင့် ယဉ်ကျေးမှုရုံးရဲ့ အကြံပြုချက်နှင့် မြန်မာ့သမိုင်းကော်မရှင်ရဲ့ အကြံပြုချက်များ အရလည်းကောင်း၊ ၁၉၇၂ ခုနှစ် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဗဟိုကော်မတီဌာနချုပ် တိုင်းရင်းသား လူမျိုးစုရေးရာကော်မတီရဲ့ ညှိနှိုင်းပေးချက်အရလည်းကောင်း၊ ၁၉၈၃ ခုနှစ် သန်းခေါင်စာရင်းမှာ အသုံးပြုခဲ့တဲ့ တိုင်းရင်းသားလူမျိုးစု စာရင်းများအရ အဓိကလူမျိုးစုကြီးများဖြစ်တဲ့ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းဟူ၍ လူမျိုးစု(၈)မျိုးရှိပြီးတော့မှ မျိုးနွယ်စု(၁၃၅)မျိုး သတ်မှတ် ဖော်ပြခဲ့ခြင်းဖြစ်ပါတယ်။

လက်ရှိနိုင်ငံတော်မှ သတ်မှတ်ထားတဲ့ တိုင်းရင်းသားမျိုးနွယ်စု လူမျိုးအမည်များမှာ ချင်း မျိုးနွယ်စုမှာ (၅၃)မျိုးမှာလည်းကောင်း၊ တိုင်းရင်းသားမျိုးနွယ်စုပေါင်း (၁၃၅)မျိုးမှာလည်းကောင်း ပျူလူမျိုးအမည် ပါဝင်ခြင်းမရှိကြောင်း တွေ့ရပါတယ်။ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းမှ ကောက်ယူ ရရှိတဲ့ လူမျိုးစုစာရင်းများမှာ တိုင်းရင်းသားလူမျိုးများ ဖွဲ့စည်းပါဝင်မှု၊ တိုင်းရင်းသားလူမျိုးစုငယ်များ ပါဝင်မှု၊ စာလုံးပေါင်းသတ်ပုံ၊ အမည်နာမအသစ်၊ တိုင်းရင်းသား ဖြစ်ခြင်း၊ မဖြစ်ခြင်း စတဲ့ကိစ္စရပ်များတွင် အငြင်းပွားဖွယ်ရာများ ရှိနေတဲ့အတွက် ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ပြီးမှသာလျှင် ထုတ်ပြန်သွားဖို့ ကျွန်တော်တို့ လျာထားပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းတဲ့ ကိစ္စနှင့်ပတ်သက်ပြီးတော့မှ ကျွန်တော်တို့ ဝန်ကြီး ဌာနအနေနဲ့ နိုင်ငံသားစိစစ်ရေးကတ်ပြားများမှာ လူမျိုးအမည်ရေးသွင်းမှုကို ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ နိုင်ငံတော်မှ သတ်မှတ်ထားတဲ့ ၁၉၈၃ ခုနှစ် သန်းခေါင်စာရင်းမှတ်တမ်း အရ ထုတ်ပြန်ထားတဲ့ တိုင်းရင်းသားလူမျိုးနွယ်စု(၁၃၅)မျိုးပါ အမည်အတိုင်းသာ ရေးသွင်းမှတ်ပုံ တင်ခြင်း ဖြစ်ပါတယ်။ နိုင်ငံတော်က တိုင်းရင်းသားမျိုးနွယ်စု အမည်စာရင်း ပြင်ဆင်သတ်မှတ်ခြင်း မပြုမီ ကာလအတွင်းမှာ ချင်းပြည်နယ်၊ မင်းတပ်ခရိုင်မှာ နေထိုင်ကြတဲ့ ချင်းလူမျိုးများအား ပျူလူမျိုးများ အဖြစ် ပြောင်းလဲမှတ်ပုံတင်ပေးရန် လောလောဆယ် မဖြစ်နိုင်သေးပါဘူး။ အစီအစဉ် မရှိပါကြောင်းနှင့် နိုင်ငံတော်မှ တရားဝင်သတ်မှတ်ထားတဲ့ တိုင်းရင်းသားမျိုးနွယ်စု အမည်များကိုသာ မှတ်ပုံတင် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံး ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းလာရောက် ဖြေကြားပေးတဲ့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည် ထွက်ခွာနိုင်ပါတယ်။

ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းသည့် မေးခွန်းများဟာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဘိုးဘွားအမွေအနှစ် မြန်မာ့ရိုးရာ ခြင်းလုံးအားကစား တိုးတက်ရေးအတွက် မျိုးဆက်သစ်လူငယ်များကို အခြေခံပညာကျောင်းများတွင် မွေးထုတ်လေ့ကျင့် သင်ကြားပေးနိုင်ရန်နှင့် မြန်မာ့လက်ရွေးစင် ခြင်းလုံးအသင်းအား စခန်းဝင်လေ့ကျင့်ရန် ကိုယ်ပိုင်အားကစားရုံ တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာဇော်လင်းထွဋ်က ဘိုးဘွားအမွေအနှစ်မြန်မာ့ရိုးရာ ခြင်းလုံးအားကစားတိုးတက်ရေးအတွက် မျိုးဆက်သစ် လူငယ်များကို အခြေခံပညာကျောင်းများတွင် မွေးထုတ်လေ့ကျင့် သင်ကြားပေးနိုင်ရန်နှင့် မြန်မာ့လက်ရွေးစင် ခြင်းလုံးအသင်းအား စခန်းဝင်လေ့ကျင့်ရန် ကိုယ်ပိုင်အားကစားရုံ တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၃။**

**ဒေါက်တာဇော်လင်းထွဋ်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဇော်လင်းထွဋ် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသောမေးခွန်းမှာ ဘိုးဘွားအမွေအနှစ် မြန်မာ့ရိုးရာ ခြင်းလုံးအားကစားတိုးတက်ရေးအတွက် မျိုးဆက်သစ်လူငယ်များအား အခြေခံပညာကျောင်းများတွင် မွေးထုတ်လေ့ကျင့်သင်ကြားပေးနိုင်ရန်နှင့် မြန်မာ့လက်ရွေးစင် ခြင်းလုံးအသင်းအား စခန်းဝင်လေ့ကျင့်ရန် ကိုယ်ပိုင်အားကစားရုံ တည်ဆောက်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာ့ရိုးရာခြင်းပညာသည် ပျူခေတ်မှ စတင်ပေါက်ဖွားလာသော ဘိုးဘွားအမွေအနှစ် ရိုးရာအားကစားနည်း စစ်စစ်တစ်ခုဖြစ်ပြီး ကမ္ဘာတွင် မိမိတို့ မြန်မာတစ်ဦးတည်းသာ ခတ်ကစားတတ်သော ကိုယ်ပိုင်အားကစားဖြစ်ပါတယ်။ ယဉ်ကျေးမှုနှင့် အားကစား ပေါင်းစပ်ထားသည့် အနုပညာဆန်သော အားကစားနည်းဖြစ်ပြီး အခြားအားကစားနည်းများနှင့် နှိုင်းယှဉ်ပါက မြေနေရာ ကျဉ်းကျဉ်းတွင် ငွေကြေးအကုန်အကျ အသက်သာဆုံး ခတ်ကစားနိုင်သော အားကစားနည်းဖြစ်ပါတယ်။ သို့ပါသော်လည်း မြန်မာ့ရိုးရာ ခြင်းလုံးအားကစားပညာရပ်သည် အမြင်လွယ်သလောက် လက်တွေ့ ခတ်ကစားရာတွင် ခက်ခဲနက်နဲသော ပညာရပ်ဖြစ်ပြီး ဇွဲစိတ်ဓာတ်ထက်သန်စွာ သင်ကြားလေ့ကျင့်မှသာ တတ်မြောက်နိုင်ပါတယ်။

သမိုင်းကြောင်း အစဉ်အလာကြီးမားခဲ့သော ရိုးရာခြင်းပညာကို ယခုတိုင် ခြင်းပညာရှင်၊ ဝါသနာရှင်များမှ မိမိတို့ တတ်စွမ်းသလောက် ထိန်းသိမ်းစောင့်ရှောက် လက်ဆင့်ကမ်းလျက်ရှိသော်လည်း ရိုးရာခြင်းပညာကို လေ့လာလိုက်စားသော မျိုးဆက်သစ်အားကစားသမား အရေအတွက်မှာ စိုးရိမ်ဖွယ်ရာ နည်းပါးလျက်ရှိပါတယ်။ မျိုးဆက်သစ်အားကစားသမားများ အချိန်မီ ရှာဖွေမွေးထုတ်နိုင်မှသာ မြန်မာ့ရိုးရာခြင်းလုံးအားကစားနည်းမှာ တိုးတက်မြင့်မားလာမှာ ဖြစ်ပါတယ်။ မျိုးဆက်သစ်လူငယ်များ ရှာဖွေမွေးထုတ်ရာတွင် အဓိကကျသည့် အခြေခံပညာကျောင်းများတွင် ရိုးရာခြင်းလုံးအားကစားကို လေ့ကျင့်သင်ကြားပေးနိုင်ရန်၊ စီစဉ်ဆောင်ရွက်ရန် အထူးပင်လိုအပ်လှပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ခြင်းလုံးအားကစားနည်းဖြင့် အရှေ့တောင်အာရှပြိုင်ပွဲများတွင် နိုင်ငံတော်အတွက် နှစ်စဉ် ရွှေတံဆိပ်များ ရယူပေးနိုင်ခဲ့သော်လည်း မြန်မာ့လက်ရွေးစင် ခြင်းလုံးအသင်းအနေဖြင့် စခန်းဝင်လေ့ကျင့်ရန် ကိုယ်ပိုင်အားကစားရုံမရှိကြောင်း တွေ့ရှိရပါတယ်။ အခြား အားကစားနည်းများ လေ့ကျင့်သော အားကစားရုံများတွင် အဆင်ပြေသလိုလေ့ကျင့်ပြီး နိုင်ငံတော်အတွက် ရွှေတံဆိပ်များ ရယူပေးခဲ့တာကို တွေ့ရှိရပါတယ်။ နိုင်ငံ့လက်ရွေးစင်များအနေဖြင့် နိုင်ငံ့ဂုဏ်ထူးဆောင်ခဲ့သော်လည်း ဂုဏ်ပြုချီးမြှောက်မှုအနေအထားမှာ ၎င်းတို့၏ပေးဆပ်မှုနှင့် နှိုင်းယှဉ်လျှင် လွန်စွာနည်းပါးလျက် ရှိပါတယ်။ ရိုးရာခြင်းပညာတွင် ပေးအပ်မြုပ်နှံခဲ့သော ခြင်းပညာရှင်များ၏ဘဝကို ငဲ့ညှာသောအားဖြင့် ၎င်းတို့၏ ဘဝရှေ့ရေးခိုင်မာစေရန် စီစဉ်ဆောင်ရွက်ပေးစေလိုပါတယ်။

ယခုအခါ အာရှခြင်းလုံးအဖွဲ့ချုပ် (ASIAN Chinlone Federation Council) ကိုလည်း ဖွဲ့စည်းပြီးဖြစ်ကာ ဥက္ကဋ္ဌ အဖြစ် မြန်မာနိုင်ငံမှ တာဝန်ယူဆောင်ရွက်နေပြီ ဖြစ်ပါတယ်။ ထို့အတူ ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလကလည်း အာဆီယံခြင်းလုံးအဖွဲ့ချုပ်ကို ဖွဲ့စည်းနိုင်ခဲ့ပြီး မြန်မာနိုင်ငံမှ ဥက္ကဋ္ဌအဖြစ် ပါဝင်ကာ မြန်မာ့ခြင်းလုံးပညာကို အရှေ့တောင်အာရှမှသည် အာရှသို့၊ ထိုမှတစ်ဆင့် အိုလံပစ်အားကစားနည်းအဖြစ် ထိုးဖောက်ဝင်ရောက်နိုင်စေဖို့ ရည်ရွယ်ချက်ဖြင့် ဥရောပနိုင်ငံများသို့လည်း ခြေဆန့်ခဲ့ပြီးဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရိုးရာခြင်းလုံးအားကစားနည်းအား အမျိုးသားအားကစားတစ်ရပ်အနေဖြင့် သတ်မှတ်ပြီး နိုင်ငံသားတိုင်း မြတ်နိုးတန်ဖိုးထားတတ်စေရန်နှင့် ကမ္ဘာ့အလယ်တွင် မြန်မာနိုင်ငံ၏ဂုဏ်ကို ဆောင်နိုင်သော အားကစားတစ်ရပ်အဖြစ် ရပ်တည်နိုင်ရန် လိုအပ်သော ပံ့ပိုးကူညီမှုများကို နိုင်ငံတော်မှ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ အထွေထွေရောဂါကု ဆေးရုံကြီးအတွင်းရှိ သူနာပြု/သားဖွား သင်တန်းကျောင်းကို အဆင့်မြှင့်တင်ရန်နှင့် သင်တန်းသားအရေအတွက် တိုးမြှင့်ခေါ်ယူရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၇။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုးမိုး က ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ အထွေထွေရောဂါကု ဆေးရုံကြီးအတွင်းရှိ သူနာပြု/သားဖွား

သင်တန်းကျောင်းကို အဆင့်မြှင့်တင်ရန်နှင့် သင်တန်းသားအရေအတွက် တိုးမြှင့်ခေါ်ယူရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၇။**

**ဦးစိုးမိုး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစားရပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ဦးစွာ နှုတ်ခွန်းဆက်သ ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)က အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးစိုးမိုး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ သူနာပြုနှင့်သားဖွားသင်တန်းကျောင်း ပုသိမ်နှင့် ပတ်သက်ပြီးတော့ မေးမြန်းသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ သူနာပြုနှင့် သားဖွားသင်တန်းကျောင်း ပုသိမ်သည် ဧရာဝတီတိုင်း ဒေသကြီး၊ ပုသိမ်မြို့ အထွေထွေရောဂါကု ဆေးရုံကြီးဝင်းအတွင်းမှာ တည်ရှိပါတယ်။ ၁၉၄၈ ခုနှစ်တွင် စတင်ပြီးတော့ သားဖွားသင်တန်းကျောင်း ပုသိမ်ကို ဖွင့်လှစ်ခဲ့ပါတယ်။ ၁၉၉၃ ခုနှစ်တွင် သူနာပြုနှင့် သားဖွားသင်တန်းအဖြစ် (၂)မျိုးကို တိုးချဲ့ဖွင့်လှစ်ခဲ့ပါတယ်။ အဆိုပါသင်တန်းကျောင်းမှ ၂၀၁၇ ခုနှစ် အထိ သူနာပြု (၁၄၆၃)ဦးနှင့် ၂၀၁၆ ခုနှစ်အထိ သားဖွားဆရာမ (၁၈၀၄)ဦးကို မွေးထုတ်ပေးခဲ့ကြောင်း သိရှိရပါတယ်။ အထက်ပါ စာရင်းဇယားများအရ (၁)နှစ်လျှင် သူနာပြု ဆရာ/ဆရာမ ပျှမ်းမျှ (၇၀)ဦး နှင့် သားဖွားဆရာမ (၄၇)ဦးခန့်သာ မွေးထုတ်ပေးနိုင်သဖြင့် နိုင်ငံတော်က ရင်းနှီးမြှုပ်နှံမှုအပေါ် အကျိုး သက်ရောက်မှုမှာလည်း နည်းပါးလျက်ရှိကြောင်း တွေ့ရှိရပါတယ်။ လက်ရှိအခြေအနေတွင် သားဖွား ဆရာမ(၁)ဦးလျှင် ကျေးရွာ(၅)ရွာမှ (၁၀)ရွာခန့်အထိ ကျန်းမာရေးစောင့်ရှောက်မှုပေးနေရ၍ ကျန်းမာရေး လွှမ်းခြုံမှုနှင့် တာဝန်ယူမှု မနိုင်မနင်းဖြစ်လျက်ရှိကြောင်း သိရှိရပါတယ်။

သားဖွားဆရာမ(၁)ဦးလျှင် သင့်တင့်သော လူနာဦးရေကို တာဝန်ယူ၍ ကျန်းမာရေး စောင့်ရှောက်မှုပေးပါက ကိုယ်ဝန်ဆောင်သေဆုံးမှု၊ မွေးကင်းစကလေးငယ်သေဆုံးမှုများ လျော့နည်းပြီး အခြားသော ကျန်းမာရေးလုပ်ငန်းများကိုလည်း ပိုမိုဆောင်ရွက်နိုင်မှာဖြစ်ပြီးတော့ ကျေးလက်နှင့် မြို့ပြ အကြား ကျန်းမာရေးကွာဟမှု ကျဉ်းမြောင်းလျော့နည်းသွားနိုင်မှာလည်း ဖြစ်ပါတယ်။ တက္ကသိုလ် ဝင်တန်းအောင်နှင့် ဘွဲ့ရလူငယ်များသည် နိုင်ငံတော်က ဖွင့်လှစ်ပေးသော သူနာပြုနှင့်သားဖွားသင်တန်းကို တက်ရောက်ရန် အခွင့်အလမ်းနည်းပါးသဖြင့် ပြင်ပတွင် ဖွင့်လှစ်သည့် သူနာပြုသင်တန်းများ တက်ရောက် ရပြီး သင့်လျော်ရာ ပုဂ္ဂလိကဆေးရုံများ၊ ဆေးပေးခန်းများတွင် အလုပ်လုပ်ကိုင်နေရသည်များလည်း ရှိနေပါတယ်။ သူနာပြုနှင့် သားဖွားသင်တန်းသား ရွေးချယ်ရေးကို တိုင်းကျန်းမာရေးဦးစီးဌာနက ဆောင်ရွက်ကြောင်း သိရှိရပြီး သင်တန်းသားရွေးချယ်မှု မူဝါဒမှာ တက္ကသိုလ်ဝင်တန်းအောင်နှင့် ဘွဲ့ရ လူငယ်များအတွက် လက်လှမ်းမီသော မူဝါဒဖြစ်ပါက အလုပ်အကိုင်ရှာဖွေနေသော လူငယ်များအတွက် အခွင့်အရေးတစ်ရပ် ရှိလာမည်ဖြစ်ပြီးတော့ လူငယ်များကို နိုင်ငံတော်၏ တာဝန်ယူသည့်အဆင့်ဆင့်သို့ ရောက်ရှိလာနိုင်မှာလည်းဖြစ်ပါတယ်။ ဤသို့ဆောင်ရွက်နိုင်ပါက ပုသိမ်မြို့၊ သူနာပြုနှင့် သားဖွား သင်တန်းကျောင်းကို သင်တန်းသားများ ပိုမိုဝင်ရောက်လာနိုင်ပြီး သင်တန်းကျောင်းအဆင့်ကိုလည်း တိုးမြှင့် ဖွင့်လှစ်နိုင်ရန် လိုအပ်မည် ဖြစ်ပါတယ်။

ထို့အပြင် လက်ရှိအခြေအနေတွင် ပုသိမ်အထွေထွေရောဂါကုဆေးရုံကြီးတွင် သူနာပြုနှင့် သားဖွားသင်တန်းကျောင်းမှ သင်တန်းသား၊ သင်တန်းသူများသည် လက်တွေ့သင်ခန်းစာများ လေ့လာသင်ယူစရာ ဆေးရုံကြီးဖြစ်ပါတယ်။ ယခုအခါ ပုသိမ်အထွေထွေရောဂါကုဆေးရုံကြီးကို ခုတင်(၅၀၀)ဆံ့ ဆေးရုံကြီးအဖြစ် တိုးမြှင့်တည်ဆောက်လျက်ရှိပါတယ်။ ဆေးရုံကြီး အဆင့်မြှင့်ဖွင့်လှစ်ပြီးပါက သူနာပြုများ ပိုမိုလိုအပ်လာမည်ဖြစ်တဲ့အပြင် သင်တန်းသား၊ သင်တန်းသူအရေအတွက် ယခုထက် ပိုမိုပြီးတော့ သင်ကြားပေးနိုင်မှာလည်း ဖြစ်ပါတယ်။

ထို့အပြင် သူနာပြုနှင့် သားဖွားသင်တန်းကျောင်း ပုသိမ်ကို အဆင့်တိုးမြှင့်ရန် မြေနေရာလိုအပ်ပါကလည်း အဆင်သင့်ရှိကြောင်းလည်း သိရှိရပါတယ်။ သို့ပါသောကြောင့် ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ အထွေထွေရောဂါကုဆေးရုံကြီးဝင်းအတွင်းရှိ သူနာပြုနှင့် သားဖွားသင်တန်းကျောင်းကို အဆင့်တိုးမြှင့်ရန်နှင့် သင်တန်းသားအရေအတွက် တိုးမြှင့်ခေါ်ယူရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၀း၂၀။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး က တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၀။**

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး (ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မွန်ပြည်နယ်၊ အမှတ်(၉)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဇော်လင်းထွဋ် ရဲ့ မေးခွန်းက တော်တော်လည်း အရေးကြီးပါတယ်။ အဲဒါကြောင့် (၅)မိနစ်ထက် နည်းနည်းလေး ပိုကောင်းပိုနိုင်တဲ့အတွက် အချိန်ပို နည်းနည်းပေးခွင့်ပြုပါ။

လွှတ်တော်ကိုယ်စားလှယ်ကြီးမေးထားတဲ့ ဒီဘိုးဘွားအမွေအနှစ် မြန်မာ့ရိုးရာခြင်းလုံး အားကစားတိုးတက်ရေးအတွက် ဒီမျိုးဆက်သစ်လူငယ်တွေကို အခြေခံကျောင်းတွေမှာ လုပ်မယ်ဆိုတာ လုပ်သင့်ပါတယ်။ နောက်တစ်ချက်က ကျွန်တော်တို့ ပြောတဲ့အတိုင်းပဲ 27th SEA GAMES မှာဆိုရင် ရွှေတံဆိပ်(၆)ခု၊ 28th မှာ ရွှေတံဆိပ်(၂)ခု၊ 29th မှာ ရွှေတံဆိပ်(၂)ခု ဆက်တိုက်ရတဲ့ အားကစားလည်း ဖြစ်ပါတယ်။ ကျွန်တော် ဒါကို ကြည့်လိုက်တဲ့အခါမှာ ဒီခြင်းလုံးအားကစားနည်းဟာ အခြားအားကစားနည်းနဲ့ ယှဉ်မယ်ဆိုရင် ငွေကြေးကုန်ကျမှု နည်းတဲ့အပြင် နေရာလည်း ပေ(၂၀)ပတ်လည်လောက်ပဲ လိုတယ်။ ကျန်းမာရေးအတွက် အလွန်ကောင်းပါတယ်။ ရုပ်ပိုင်းဆိုင်ရာ လျင်မြန်ဖျတ်လတ်မှု၊ ကျွန်တော်တို့ Coordination ပေါ့လေ။ အဲဒါလည်း အရမ်းကောင်းပါတယ်။ အဆစ်၊ ကြွက်သား ကအစ သွေးလှည့်ပတ်မှု အကုန်လည်းကောင်းပါတယ်။ Balance in Art ကိုယ်ခန္ဓာကို တည်ငြိမ်အောင်

လုပ်ဖို့အတွက်ကိုလည်း ပိုကောင်းပါတယ်။ ကျွန်တော်တို့ ဦးနှောက်မှာ Cerebellum ဆိုတာ အနောက်မှာ ရှိပါတယ်။ သူက ကိုယ်ခန္ဓာကို ထိန်းတဲ့နေရာမှာ သူက Control လုပ်တဲ့ဟာပါ။ ဒါတွေရဲ့ ဆောင်ရွက်ချက်ကလည်း အရမ်းကောင်းမယ်ဖြစ်တဲ့အတွက် အလွန်ကောင်းတဲ့ အားကစား၊ ထို့အပြင် ကျွန်တော်တို့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနရဲ့ Motto ပေါ့။ ဆောင်ပုဒ်အရ ကျွန်တော်တို့ အောက်တိုဘာလ ၂ ရက်ကနေ ၄ ရက်လုပ်တဲ့ Exercise of Physical Activity is Medicine ကိုယ်လက်လှုပ်ရှားခြင်း၊ Exercise လုပ်ခြင်းသည် ဆေးတစ်မျိုးပင်ဖြစ်သည်ဆိုတာ ဆေးမလို ဆေးကို မလိုတဲ့သဘောဖြစ်ပါတယ်။ အဲဒါကြောင့် အလွန်ကိုက်ပါတယ်။ အဲဒီတော့ ဒီမျိုးဆက်သစ်လူငယ်များကို လွှတ်တော်ကိုယ်စားလှယ်ကြီးများ အခြေခံကျောင်းများမှာ မွေးထုတ်လေ့ကျင့်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့ ပြန်လည်ပြီး သုံးသပ်တဲ့အခါမှာ ကျွန်တော်တို့ ဒီအခြေခံကျောင်းတွေမှာရှိနေတဲ့ ဆရာတွေ ရှိပါတယ်။ ဒီအားကစား၊ ကာယဆရာတွေကို ကျွန်တော်တို့ သင်တန်းပေးပါတယ်။

ကျွန်တော်တို့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန သင်တန်းက ၁၉၈၅ ခုနှစ်လောက် ကတည်းက စပေးပါတယ်။ အခုဆိုလို့ရှိရင် အလယ်တန်းပြဆရာ၊ ကာယဆရာ၊ ဆရာမပေါင်း(၇၆၀)ဦး သင်တန်းပေးပြီးပါပြီ။ အထက်တန်းပြကာယဆရာ၊ ဆရာမပေါင်း(၁၅၅၃)ဦး ပေးပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ ပြန်ကြည့်တဲ့အခါမှာ ဘာသွားတွေ့လဲဆိုတော့ အဲဒီထဲမှာ ခြင်းလုံးမပါဘူးခင်ဗျား။ ပါတာက (၆)မျိုးပေးပါတယ်။ (၆)မျိုးက ဘာလဲဆိုတော့ ဘောလုံး၊ ဘော်လီဘော၊ ဘတ်စကက်ဘော၊ Table Tennis၊ ကြက်တောင်နဲ့ ပြေးခုန်ပစ် ပါတယ်။ အဲဒီတော့ ဒီမှာ ကျွန်တော်တို့က ထပ်ပြီးတော့ ဒီတစ်ခုကို ထည့်ဖို့လိုပါတယ်။ ဒါပေမဲ့ ဒီနေရာမှာ ပြန်ကြည့်တဲ့အခါမှာ ကျွန်တော်တို့မှာ ခုနပြောတဲ့(၆)မျိုးမှာတော့ ကျွန်တော်တို့မှာ ဆရာတွေ အလုံအလောက်ရှိပါတယ်။ သင်ဖို့ ဆရာတွေ၊ Training ပေးမယ့်ဆရာတွေပေါ့၊ Trainer တွေရှိတယ်။ သို့သော်လည်း ခြင်းလုံးမှာ သိပ်မရှိဘူးခင်ဗျား။ ခြင်းလုံးမှာက ပြင်ပမှာပဲ ဆရာတွေ ရှိပြီးတော့ သူတို့ကို ငှားမယ်ဆိုလို့ရှိရင် တော်တော်လည်း ပိုက်ဆံပေးရပါတယ်။ ဒါပေမဲ့ ပေးရမယ်၊ သွားလာစရိတ်၊ ဒါပေမဲ့ ကျွန်တော်တို့ ဒါကို မငှားလို့မဖြစ်ပါဘူး။ အခြေအနေအရပ်ရပ်ကို သုံးသပ်တဲ့ အခါမှာ ခြင်းလုံးကို အားပေးမယ်ဆိုလို့ရှိရင် ကျွန်တော်တို့ဟာ ခြင်းလုံးကစားပြီး နိုင်တာ မနိုင်တာထက် National Fitness ကျောင်းသားထုကြီးတစ်ခုလုံး ကျန်းမာမှာ သေချာတယ်။

အဲဒါကြောင့် ကျွန်တော့်အနေနဲ့ ဒီမေးခွန်းကို မေးတဲ့အတွက် ကျွန်တော်ဟာ ဒီလာမယ့် လပိုင်း၊ နှစ်ပိုင်းမှာ စပြီးတော့ ဒီကိစ္စကို ဦးစားပေးအနေနဲ့ကို ကျွန်တော်လုပ်တော့မယ်။ ပိုက်ဆံလည်း မကုန်ဘူး။ ပိုက်ဆံမကုန်ဘူးဆိုသော်ငြားလည်း ကျွန်တော်တို့အနေနဲ့ ဒီမှာတင်ပြရမယ်ဆိုလို့ရှိရင် ကျွန်တော်တို့ (၆)လဘတ်ဂျက်မှာ ကျွန်တော်တို့က အားကစားနဲ့ Sports and Physical Education ၊ အားကစားနှင့် ကာယပညာဦးစီးဌာနက ကျပ်(၃၃)ဘီလီယံ တင်တဲ့ထဲက ကျွန်တော်တို့ ကျပ်(၁၁)ဘီလီယံပဲရပါတယ်။ ကျပ်(၂၂)ဘီလီယံ အဖြတ်ခံလိုက်ရပါတယ်။ သို့သော်လည်း ဖြတ်ခံရသော်ငြားလည်း ဒီဥစ္စာကို ကျွန်တော်တို့ ရှိတဲ့ပိုက်ဆံမှာ ကျွန်တော်တို့ လုပ်မှာပါ။ လုပ်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့ တစ်ဦး တစ်ယောက်တည်း မလုပ်ဘူး။ ဘယ်သူနဲ့ ပေါင်းရမလဲဆိုတော့ ခြင်းလုံးအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ၊ အဖွဲ့ပေါ့၊ အဲဒီအဖွဲ့နဲ့ပေါင်းမယ်။ ဥက္ကဋ္ဌ ဦးစိုးနိုင် ကလည်း တော်တော်ကို ဒီခြင်းလုံးကို အားပေးနေတဲ့ လူတစ်ယောက် ဖြစ်တယ်။ သူနဲ့ကျွန်တော် သေချာ တိုင်ပင်မယ်။ တိုင်ပင်ပြီးတော့ ပညာရေးဝန်ကြီးဌာန လည်း ပါရမယ်။ ကျွန်တော်တို့ ဘယ်လိုလုပ်မလဲ ကျောင်းတွေမှာ။ ပထမဆုံးအဆင့်အနေနဲ့ကတော့

မြို့ကြီးတွေမှာရှိတဲ့ကျောင်းတွေမှာ ကျွန်တော်တို့ အရင် စပါမယ်။ မွန်ပြည်နယ်ဆိုရင် မော်လမြိုင်၊ ပုသိမ်၊ အဲဒါမျိုး မြို့ကြီးတွေကို ဘားအံ၊ အဲဒါတွေနဲ့စပြီးမှ တဖြည်းဖြည်း ကျွန်တော်က အဆင့်အလိုက်၊ ကဏ္ဍအလိုက် Step Wise, Phase wise တဖြည်းဖြည်း၊ တဖြည်းဖြည်း ကျွန်တော်တို့ ဒါလုပ်မယ်။ လုပ်ကို လုပ်မှာပါ။ ကျွန်တော်တို့ ဒီနေရာမှာ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြထားတာ၊ ကျွန်တော်တို့ လုပ်ကိုလုပ်တော့မယ်။ ဒီကိစ္စက အရမ်းလည်း အရေးကြီးတယ်။ ပိုက်ဆံနည်းနည်းနဲ့ Cost effective ဖြစ်တယ်၊ Cost efficient ဖြစ်တာ ဖြစ်တဲ့အတွက် ကျွန်တော်တို့ ဒါကို လုံးဝလုပ်ပါမယ်။

အဲဒီတော့ ခုန လွှတ်တော်ကိုယ်စားလှယ်ကြီးပြောတဲ့အတိုင်း ကျွန်တော်တို့ မြန်မာ့လက်ရွေးစင် 30th SEA GAMES Philippine မှာ ၂၀၁၉ မှာ လုပ်မယ့် SEA GAMES အတွက်ကို ကျွန်တော်တို့က အမျိုးသား(၄၃)ဦးနဲ့ အမျိုးသမီး(၁၀)ဦးကို ကျွန်တော်တို့က စခန်းသွင်းလုပ်နေပါတယ်။ လုပ်တဲ့အခါမှာ သူတို့မှာ အဖွဲ့ချုပ်အနေနဲ့က လေ့ကျင့်မယ့်နေရာ မရှိသော်လည်း ကျွန်တော်တို့မှာ လေ့ကျင့်တဲ့နေရာတွေ အများကြီးရှိပါတယ်။ လေ့ကျင့်တဲ့နေရာ အများကြီးရှိရင် ကျွန်တော်တို့ ဒါ တင်ပြပါမယ်။ အဲဒီနေရာတွေ လုပ်ပါတယ်။ နောက်တစ်ချက်က ကျွန်တော်တို့ ဒီခြင်းလုံးနဲ့ တော်တော်များများ လုပ်နေပါတယ်။ ဥပမာ ဆိုလို့ရှိရင် တိုင်းဒေသကြီးနှင့် ပြည်နယ်ပြိုင်ပွဲများ ရှိပါတယ်။ မိုးရာသီတံခွန်စိုက်ပြိုင်ပွဲတွေ ရှိပါတယ်။ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ် ဖလားပြိုင်ပွဲတွ ရှိပေါတယ်။ တက္ကသိုလ်၊ ကောလိပ်ပေါင်းစုံ အမျိုးသား၊ အမျိုးသမီး စတဲ့ ပွဲတွေကို နှစ်စဉ် ကျွန်တော်တို့ လုပ်ပေးတယ်။

ထို့အပြင် ကျွန်တော်တို့ အခုဘာလုပ်မလဲဆိုတော့ နွေရာသီမှာ ခြင်းလုံးကစားနည်းကို သင်ပေးပါတယ်။ အားကစားနည်းကို သင်ပေးတယ်။ ခြင်းလုံးမပါသေးပါဘူး။ ခုနပြောတာတွေ အကုန်ပါတယ်။ ခြင်းလုံးကို နွေရာသီမှာ ကစားပုံ၊ ကစားနည်းကို ကျွန်တော်တို့ ထည့်ပါမယ်။ ဆရာတွေ ကျွန်တော်တို့မှာ မရှိလို့ရှိရင် ဒါ ပြင်ပကနေပြီးတော့ ကျွန်တော်တို့ ငှားမှာပါ။ နောက်အဖွဲ့ချုပ်နဲ့ ကျွန်တော်တို့ တိုင်ပင်ပြီးတော့ လုပ်ပေးပါမယ်။ အဲဒီတော့ နောက်တစ်ချက်က ဒါတင်မကပါဘူး။ ကျွန်တော်တို့ ခြင်းလုံးဟာ ဘယ်လောက်ထိလုပ်နေလဲဆိုတော့ ဒီမဟာမြတ်မုနိဘုရားကြီးမှာဆိုလို့ရှိရင် ဝါဆိုခြင်းခတ်ပြိုင်ပွဲလုပ်နေတာ (၈၉)ကြိမ်ရှိပါပြီ။ နှစ်စဉ်မပျက် ကျွန်တော်တို့က လုပ်နေပါတယ်။ လုပ်တဲ့အခါမှာ ခြင်းလုံးကလပ်အသင်းဟာ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ (၁၈၀၀)ရှိပါတယ်။ ဒီအသင်းတွေက လာပြိုင်ပါတယ်။ ရိုးရာခြင်းလုံးကလပ်အသင်းပေါင်း လာပြိုင်တဲ့အပြင် ဒီမဟာမြတ်မုနိပွဲမှာဆိုရင် အမေရိကန်နိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကနေဒါနိုင်ငံ၊ ဂျာမဏီနိုင်ငံ၊ ထိုင်းနိုင်ငံက ခြင်းလုံးဝါသနာတွေလည်း လာပြီး ပြိုင်ပါတယ်။ ဆိုလိုတာက ဒါကို ကျင်းပခြင်းအားဖြင့် လူငယ်များ၊ ပြည်သူများသည် ခြင်းလုံးကစားတဲ့ဟာကို ဝါသနာပါလာမှာ ဖြစ်ပါတယ်။

သို့သော် လွှတ်တော်ကိုယ်စားလှယ်ကြီးမေးတဲ့အတိုင်း ကျောင်းမှာလုပ်မှ ကျွန်တော်တို့က ပိုရမှာ။ ကျောင်းသား၊ ကျောင်းသူပေါင်းက ကျပ်(၈.၇)သန်း ရှိပါတယ်။ တစ်ပြည်လုံးမှာ၊ ကျောင်းပေါင်းက (၄၄၀၀၀) ကျော်ရှိပါတယ်။ အဲဒီတော့ ကျွန်တော်တို့သာ ဒီခြင်းလုံးကို ဒီ(၄၀၀၀၀)မလုပ်နိုင်တောင် ကျောင်း (၁၀၀၀၀)လောက်မှာတင် ကျွန်တော်တို့က လုပ်နိုင်မယ်ဆိုရင် တော်တော်ထိရောက်ပါမယ်။ ကျပ်(၈.၇)သန်းတင်မကဘူး။ ကျပ်(၁)သန်းလောက်မှာကို လုပ်နိုင်ရင် အရမ်းကောင်းပါတယ်။ ဒါဟာ လုပ်မှာပါ။ ပိုက်ဆံလည်း မကုန်ပါဘူး။ ကျွန်တော်တို့ ဆရာငှားဖို့အတွက်ပဲ ပိုက်ဆံကုန်မှာပါ။ ကျန်တာတွေက ကျောင်းမှာသွားလုပ် ဘာမှ ပိုက်ဆံကုန်စရာ မလိုပါဘူး။ ဒါတွေ ကျွန်တော်တို့ လုပ်ပါမယ်။

ထို့အပြင် ကျွန်တော်တို့က ဒီ မန္တလေးမြို့မှာဆိုလို့ရှိရင် ကျွန်တော်တို့ ခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစိုးနိုင် က တော်တော်လေး Active ပေါ့လေ၊ စိတ်ပါဝင်စားပြီး လုပ်နေပါတယ်။ သူ့အနေနဲ့ ၂၀၁၉ ခုနှစ်မှာ ကျွန်တော်တို့ မန္တလေးလေယာဉ်ကွင်းအနီးနားမှာ သူ မြေလည်းရှိပါတယ်။ (၂)ဧက ရှိပါတယ်။ အဲဒီမှာ အခုလုပ်နေပါပြီ။ ရေ၊ မီးတွေလည်း အကုန်ရသွားပါပြီ။ ဝန်ထမ်းအိမ်ရာနှစ်ဆောင်လည်း ပြီးသွားပါပြီ။ နောက်မကြာခင်မှာ အဲဒီနေရာမှာ သူတို့ရဲ့ လေ့ကျင့်ကွင်းအဖြစ် ကျွန်တော်တို့ လုပ်ဖို့ရှိပါတယ်။ ခြင်းလုံး။ ထို့အပြင် ကျွန်တော်တို့ ခြင်းလုံးကို ဘယ်လောက်လုပ်နေလဲဆိုတော့ ဒီ ၂၀၁၄ ခုနှစ်က နေပြည်တော်မှာ ဆိုရင် (၁၄)နိုင်ငံ၊ အာရှ ခြင်းလုံးပြိုင်ပွဲ လာလုပ်ပါတယ်။ (၁၄)နိုင်ငံ ပါ ပါတယ်။ ၂၀၁၆ ခုနှစ်တုန်းက မန္တလေးမှာ ကျွန်တော်တို့ (၁၃)နိုင်ငံ လာပြိုင်ပါတယ်။ အခု ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလမှာလည်း ဒီလိုပွဲကြီး တစ်ပွဲကို ကျွန်တော်တို့ လုပ်ဖို့ရှိပါတယ်။ ဆိုလိုတာက ခြင်းလုံးသည် တော်တော်လုပ်နေပါတယ်။ ခုနပြောတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးမေးတဲ့ လေ့ကျင့်ကွင်းဆိုတာ ကျွန်တော်တို့မှာ ရှိပါတယ်။ သိပ်နေရာမလိုတော့ ဘယ်မှာလုပ်ပါလဲဆိုတော့ ရန်ကုန်မြို့မှာရှိတဲ့ မြန်မာ့ခြင်းလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌရုံးနဲ့ နီးတဲ့ အောင်ဆန်းကွင်းထဲမှာလည်း လေ့ကျင့်တဲ့ မိုးလုံလေလုံအခန်း ရှိပါတယ်။

ထို့အပြင် နေပြည်တော်မှာရှိတဲ့ အားကစားရုံမှာလည်း Gold Camp ရှိပါတယ်။ ထို့အပြင် ရန်ကုန်သုဝဏ္ဏအားကစားရုံမှာလည်း အခုလေ့ကျင့်နေပါတယ်။ ပိုက်ကျော်ခြင်းတို့ အကုန်လုံး လေ့ကျင့်နေပါတယ် ဆိုတော့ နေရာတော့ရှိပါတယ်။ အဲဒါ ကျွန်တော်တို့ လုပ်နေပါတယ်။ ထို့အပြင် ကျွန်တော်တို့မှာ အားကစားနှင့် ကာယပညာသိပ္ပံကျောင်း(၆)ကျောင်းရှိပါတယ်။ မော်လမြိုင်၊ မန္တလေး၊ မုံရွာ၊ လွိုင်ကော်၊ ရန်ကုန်မှာ ရှိပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဒီနှစ်မှာစပြီးတော့ ရန်ကုန် နဲ့ မန္တလေးမှာ ခြင်းလုံးကို သင်ပေးတော့မယ်ခင်ဗျား။ ကျန်တာတွေကတော့ နောက်နှစ်တွေမှာ ဆက်ဆက်ပြီး ဆရာရှိရင် ကျွန်တော်တို့ သင်မယ်။ အဓိက ဆရာပါ။ ခြင်းလုံးဆရာလိုနေပါတယ်။ အပြင်မှာငှားရင် တော်တော်ဈေးကြီးတယ် ပြောပါတယ်။ သုံးသိန်း၊ လေးသိန်း အဲဒီလောက်ထိပေးရတယ် ပြောပါတယ်။ သို့သော်လည်း ကျွန်တော်တို့ ခြင်းလုံးအဖွဲ့ချုပ်နဲ့ ညှိပြီးတော့ ခြင်းလုံးအဖွဲ့ချုပ်မှာရှိတဲ့ ခြင်းဆရာတွေ၊ ခြင်းလုံးနည်းပြဆရာတွေကို နည်းနည်းပါးပါး ပိုက်ဆံထပ်ပြီးပေးပြီးတော့ သူတို့အကူအညီယူပြီး ကျွန်တော်တို့ လုပ်မှာဖြစ်ပါတယ်။ အဲဒါလေးကို။ ဥပမာ နောက်တစ်ခုပြောမယ်ဆိုရင် ကျွန်တော်တို့ ဒီ ဖေဖော်ဝါရီလ ၂၅ ရက်နေ့မှာပဲ ကျွန်တော်တို့ အမရပူရမှာရှိတဲ့ ကျောက်စိမ်းဘုရားကြီးမှာ ခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစိုးနိုင် အနေနဲ့က ဝန်ကြီးချုပ်ဖလားပိုက်ကျော်ခြင်းနှင့် ခြင်းလုံးခတ်ပြိုင်ပွဲကို ကျင်းပခဲ့ပါတယ်။ ကျွန်တော့်ကိုလည်း ဖိတ်ပါတယ်။ ကျွန်တော်က ဖွင့်ရက်ဖြစ်တဲ့အခါ သွားလို့မရပါဘူး။ Cabinet နဲ့ တိုက်နေပါတယ်။ အဲဒီနေ့က၊ အဲဒီမှာ ဆုကြေးဟာ ကျပ်(၈၄)သိန်း ပေးပါတယ်။ ၂၅ ရက်နေ့က ကျပ်(၈၄)သိန်းပေးတဲ့အပြင် နေစရိတ်၊ စားစရိတ်ငြိမ်းအကုန် ပြည်သူများလည်း (၆၀၀၀)ဦးလောက် တော်တော်များများ လာတက်ပြီး ကြည့်ရှုတဲ့အတွက် ဒီကျောက်စိမ်းဘုရားကြီးမှာ၊ ဒါ အလွန်ကောင်းပါတယ်။ ဆိုလိုတာက ကျွန်တော်တို့ အနေနဲ့က ခြင်းလုံးကို အားပေးနေပါတယ်။ သို့သော်လည်း ပိုမိုထိရောက်ဖို့ ဆိုလို့ရှိရင်တော့ လွှတ်တော်ကိုယ်စားလှယ်ကြီးပြောတဲ့အတိုင်း ကျောင်းတွေမှာ ကျွန်တော်တို့ စလုပ်မယ်၊ စလုပ်တဲ့အခါမှာ ကျွန်တော် လာဖြေပြီးတဲ့နောက်တစ်ပတ်အတွင်းမှာပေါ့နော်။ တစ်ပတ်ကျော်မှ ကျွန်တော် ခြင်းလုံးဥက္ကဋ္ဌ အဖွဲ့ချုပ်နဲ့ တွေ့ပါမယ်။ ကျွန်တော်တို့ ဘယ်လိုလုပ်မလဲ။ ကျောင်းတွေမှာ သူတို့နဲ့ တိုင်ပင်ပြီးတော့ ကျွန်တော်တို့ စီမံချက်ချမယ်။ စလုပ်မယ်။ ၂၀၁၈-၂၀၁၉ ဘတ်ဂျက်မှာတော့ အရှိန်အဟုန်က အခုထက်

(၂)ဆ၊ (၅)ဆလောက် မြှင့်လို့ရမယ်။ အဲဒီမှာ ကျွန်တော် ပိုက်ဆံတောင်းတော့မယ်။ အများကြီးလည်း မတောင်းပါဘူး။ နည်းနည်းပဲတောင်းပြီး ကျွန်တော် လုပ်မှာပါ။ ဒါ တိုင်းပြည်အတွက် အလွန်အကျိုး ရှိတဲ့ဟာဖြစ်တဲ့အတွက် နိဂုံးချုပ်အနေနဲ့တော့ မေးခွန်းမေးတဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီး အရမ်း အရေးကြီးပါတယ်။ ကျွန်တော့်အနေနဲ့ ဒီကိစ္စကို လေးလေးနက်နက်နဲ့ ဆောင်ရွက်မည်ဖြစ်ကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ဒုတိယ မေးခွန်းဖြစ်တဲ့ ဦးစိုးမိုး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် မဲဆန္ဒနယ်အမှတ်(၁) ဧရာဝတီတိုင်း ဒေသကြီးမှ မေးထားသော မေးခွန်း၊ သူနာပြု၊ သားဖွား၊ ကျောင်းကိစ္စနှင့်ပတ်သက်ပြီး ကျွန်တော် ဖြေကြားမှာ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပထမဆုံးတင်ပြရရင် ဒီဟာလည်း နည်းနည်း(၅)မိနစ်ထက် နည်းနည်းကျော်ရင်လည်း ခွင့်ပြုပေးပါ။

ကျွန်တော့်အနေနဲ့ ဒီဝန်ကြီးစဖြစ်ကတည်းက ဦးစားပေးတွေ အများကြီးရှိပါတယ်။ ဦးစားပေး အများကြီးထဲက ကျွန်တော် (၃)ခုကို ဦးစားပေး ပြန်ထုတ်လိုက်ပါတယ်။ အဲဒီ(၃)ခုက ဘာလဲဆိုတော့ (၁)က ပြည်သူများ ကျန်းမာရေးအသိပညာမြှင့်မားရေး (Health Literacy Promotion)၊ နံပါတ်(၂)က ကျောင်းကျန်းမာရေး၊ နံပါတ်(၃)က သူနာပြုသားဖွား၊ ဒီမှာလည်း သူနာပြုသားဖွားကို အားပေးတဲ့ အတွက် သူနာပြုသားဖွားကျောင်း(၅၀)ရှိပါတယ်။ ရှိတဲ့ သင်ရိုးညွှန်းတမ်းတွေကို အကုန် ကျွန်တော်တို့ ပြင်ပြီးပါပြီ။ နိုင်ငံခြား Consultant နဲ့လာပြီး အကုန်ပြင်ထားပါတယ်။ မြှင့်မားရေး အကုန်လုံး လုပ်နေ ပါတယ်။ လုပ်တဲ့အခါမှာ ဒီအရည်အသွေးကို မြှင့်အောင်လုပ်နေပါတယ်။ ဒီမှာ ကျွန်တော်တို့ ပြန်ကြည့် တဲ့အခါမှာ ဘာသွားတွေ့လဲဆိုတော့ ပုသိမ်မှာ ကျောင်းရှိပါတယ်။ လောလောဆယ် (၂၈၁)ဦး တက်နေ ပါတယ်။ ပုသိမ် သူနာပြုသားဖွားကျောင်းမှာ ပထမနှစ်(၆၆)ဦး၊ ဒုတိယနှစ်(၁၃၂)ဦး၊ တတိယနှစ်(၈၃)ဦး ထွက်ပါတယ်။ ဟင်္သာတ၊ ပုသိမ်ဆိုတော့ ဟင်္သာတလည်း ကျွန်တော်ပြောလိုက်မယ်။ နီးစပ်တယ်။ ဟင်္သာတမှာ (၂၄၃)ဦးတက်နေပါတယ်။ ပထမနှစ်မှာ(၅၉)ဦး၊ ဒုတိယနှစ်မှာ(၁၂၃)ဦး၊ တတိယနှစ်မှာ (၆၁)ဦး၊ အဲဒီတော့ စုစုပေါင်း ဟင်္သာတနဲ့ ပုသိမ်မှာ တက်နေသော သားဖွားသူနာပြုပေါင်းက(၅၂၄)ဦး ရှိပါတယ်။ ဒါပေမဲ့ လစ်လပ်တဲ့ ဧရာဝတီတိုင်းဒေသကြီး တစ်တိုင်းလုံးမှာ လစ်လပ်တဲ့ဟာ ကြည့်တော့ သူနာပြုပေါင်း(၁၂၃၉)ဦး လစ်လပ်နေပါတယ်။ အဲဒီတော့ ဒီလို ဆက်သာထုတ်နေလို့ရှိရင် လွှတ်တော် ကိုယ်စားလှယ်ကြီး ပြောတဲ့အတိုင်း ကျွန်တော်တို့က ဘယ်လိုမှ အရေအတွက်က မပြည့်နိုင်ပါဘူး။

အဲဒါကြောင့် ကျွန်တော်တို့အနေနဲ့ ပြီးခဲ့တဲ့(၂)လက ကျွန်တော်တို့ ပြန်ပြီးတော့ သေချာ စိစစ်ပြီး လုပ်ခိုင်းလိုက်တော့ အခုဘယ်လိုလုပ်မလဲဆိုတော့ လောလောဆယ် သူနာပြုပေါင်း တစ်နှစ်မှာ (၁၈၃၃)ဦးပဲ ခေါ်နိုင်ပါတယ်။ အခု ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလလောက်မှာတက်မယ့်၊ အဖွင့်မှာ ကျွန်တော်တို့ (၃၆၁၀)ဦး တင်တယ်၊ ခေါ်တော့မယ်။ ဆိုလိုတာက လာမယ့်(၃)နှစ်က စပြီးတော့ သူနာပြုပေါင်း(၃၆၀၀)ဦး ကျွန်တော်တို့ ထွက်တော့မယ်။ အခု လောလောဆယ်ကတော့ ထွက်တာနည်းတယ်။ (၃၆၀၀)ဦး ထွက်မယ် ဆိုတော့ တော်တော်ပီပြင်သွားမယ်။ ပုသိမ်နဲ့ ဟင်္သာတကိုလည်း ကျွန်တော် တင်ပြချင်တာက ပုသိမ် မှာလည်း အခု တိုးထုတ်ပါမယ်။ ပုသိမ်မှာဆိုရင် သူနာပြုပေါင်း(၁၆၀)ဦး ထုတ်တော့မယ်။ ဟင်္သာတမှာ ဆိုလို့ရှိရင် သူနာပြု(၈၀)ဦး၊ ထို့အတွက် သူနာပြု(၂၄၀)ဦး တိုးမယ်။ (၂၄၀)ဦး ထုတ်တော့မယ်။ ပုသိမ်နဲ့ ဟင်္သာတ ထို့အပြင် မြောင်းမြမှာလည်း ကျွန်တော်တို့က သူနာပြုသားဖွားသင်တန်းကျောင်းမြေနေရာ

ရပြီးပြီ။ ထပ်ပြီးတော့ ဖွံ့စည်းပုံကို ကျွန်တော်တို့ ၂၀၁၈-၂၀၁၉ ဘတ်ဂျက်မှာ တင်မယ့်အတွက် ဧရာဝတီတိုင်းဒေသကြီးမှာဆိုရင်တော့ (၃)ကျောင်းဖြစ်သွားမှာပါ။ ထို့အပြင် ကျွန်တော်တို့ ပြန်လည်ကြည့်လိုက်တဲ့အခါမှာ သားဖွားအနေနဲ့က ကျွန်တော်တို့က လုံလောက်ပါတယ်။ သားဖွားမှာ ကျွန်တော်တို့ ခွင့်ပြုခန့်ထား၊ လစ်လပ်နဲ့က (၁၃၀၀၀)ဦးလောက်က ပြီးသွားပြီ။ (၁၁၄၆)ဦး၊ အဲဒီလောက်ပဲ လိုတော့တယ်။ အဲဒါလည်း အခုနောက်(၂)ပတ်၊ (၃)ပတ်နေ ခန့်တော့မယ်ဆိုတော့ သားဖွားက ပြည့်သွားပြီ။ ပြည့်တဲ့အတွက် ကျွန်တော်တို့က ဘာကြောင့် ဒီကျောင်းက သူနာပြုတွေ ပိုထုတ်နိုင်လဲဆိုတော့ သားဖွားသူနာပြုကျောင်းတွေမှာ သားဖွားကို အကုန်မခေါ်တော့ပါဘူး။ သားဖွားကို လျှော့ပြီးတော့ သူနာပြုကို ခေါ်လိုက်တော့မယ်။ အဲဒါကြောင့် ကျွန်တော်က (၃၆၁၀)ဦး ထုတ်နိုင်ပါတယ်။

သို့သော်လည်း ဒီနေရာမှာ ကျွန်တော် တစ်ခုတင်ပြချင်တာက ကျွန်တော်က ထုတ်ချင်တိုင်း ထုတ်လို့မရဘူးခင်ဗျား။ ဘာကြောင့် ထုတ်ချင်တိုင်း ထုတ်လို့မရဘူးဆိုတာ၊ ထုတ်မယ်ဆိုရင် သင်တန်းနေရာလိုတယ်။ သင်တန်း အဆောင်လိုတယ်။ ကျောင်းသားတွေအတွက်နေဖို့ ဆရာရှိလား၊ မရှိဘူးလား၊ နောက် ဒီကျောင်းမှာ Management လုပ်ဖို့ အကူသူနာပြု၊ အကူဝန်ထမ်းတွေ လိုမယ်။ သင်ထောက်ကူပစ္စည်းတွေ လိုမယ်။ ဘတ်ဂျက် လိုမယ်။ ဝန်ထမ်းလစာ လိုမယ်။ ထို့အပြင် ဒီတက်တဲ့လူတွေကို ကျွန်တော်တို့အစိုးရအနေနဲ့ တစ်လကို ကျပ်(၃၀၀၀၀)ပေးပါတယ်။ ပိုက်ဆံ ကျပ်(၃၀၀၀၀)ဆိုတာ စားစရိတ်အနေနဲ့ ကျပ်(၁၀၀၀၀)လောက် ပြန်နုတ်ပြီး ကျန်တာတွေက သူတို့ပစ္စည်း ဘာညာဝယ်ဖို့ သုံးပါတယ်။ ဆိုလိုတာက အစိုးရအနေနဲ့က သားဖွားကျောင်း တစ်ကျောင်းမှာဆိုရင် သုံးရတဲ့ပိုက်ဆံ အရမ်းများပါတယ်။ ဘယ်နိုင်ငံမှ ကျွန်တော်တို့ ဒီပိုက်ဆံနဲ့ ဒီလို သူနာပြုကိုပေ့ါ၊ သူနာပြုကို မထုတ်နိုင်ပါဘူး။ ဥပမာဆိုရင် John Hopkins University မှာဆိုရင် သူနာပြုတစ်ယောက်သည် Master တက်မယ် ဆိုရင် ပထမနှစ်မှာ တစ်နှစ်၊ တစ်နှစ်ကို ဒေါ်လာ(၉၃၀၀၀)လောက် ကုန်ပါတယ်။ ကျွန်တော်တို့ဟာ ဒီလောက်နည်းပါးသောပိုက်ဆံနဲ့ ကျွန်တော်တို့က ထုတ်နေခြင်း ဖြစ်ပါတယ်။ အဲဒီတော့ ထုတ်နေခြင်းဖြစ်တဲ့အတွက် ဒီ လွှတ်တော်ကိုယ်စားလှယ်ကြီးများကို ကျွန်တော် တင်ပြချင်တာကတော့ ကျွန်တော်တို့ သားဖွားနဲ့ သူနာပြုကျောင်းများကိုလည်း သွားရောက်ကြည့်ရှုပါ။ အကြံဉာဏ် ပေးပါ။ နောက် ဆရာတွေက ဘယ်လောက်ကြိုးစားပြီး သင်နေလဲ၊ ကျောင်းသူ၊ ကျောင်းသားများဟာလည်း ဘယ်လောက်ကြိုးစားပြီး သင်ယူလဲဆိုတာကို ကျွန်တော်က သိစေချင်ပါတယ်။ ကျွန်တော်တို့က တော်တော်လုပ်နေပါတယ်။ အဲဒါကို ကျွန်တော် သိစေချင်ပါတယ်။

နောက်တစ်ချက်က လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြတဲ့အတိုင်း ကျွန်တော်တို့မှာ လောလောဆယ် ပုဂ္ဂလိကကျောင်း မရှိပါဘူး။ လွှတ်တော်ကိုယ်စားလှယ်ကြီးက ပုဂ္ဂလိကကျောင်းမှာတက်တယ်။ ပုဂ္ဂလိကကျောင်း လုံးဝမရှိပါဘူး။ သူနာပြုသားဖွား။ ပုဂ္ဂလိကကျောင်းက ဘာပဲရှိတာလဲဆိုတော့ သူနာပြုအကူတွေကိုပဲ ထုတ်ပါတယ်ခင်ဗျား။ ဘာဖြစ်လို့ မရှိတာလဲ၊ ကျွန်တော့်အနေနဲ့ ရှိစေချင်တယ်။ ကျွန်တော့်ကို လာဆွေးနွေးတာတွေ အများကြီး ရှိပါတယ်။ PHILIPPINE ဒီမှာ ဆေးရုံပိုင်ရှင်တွေက။ သို့သော်လည်း ပညာရေးဥပဒေက မထွက်သေးဘူးခင်ဗျား။ မကြာခင် ထွက်မယ်ပြောတယ်၊ အခုထွက်မလာသေးဘူး။ သူတို့က ဝင်ဖို့အဆင်သင့်ပဲ၊ ဆေးကျောင်းတွေလာမယ်။ သူနာပြုကျောင်းတွေလာမယ်။ အဆင့်ဆင့်၊ အဆင်သင့်ဖြစ်နေပြီ။ ဥပဒေက မထွက်သေးတော့ သူတို့က လုပ်လို့မရဘူး ဖြစ်နေပါတယ်။

အဲဒီတော့ ကျွန်တော့်အနေနဲ့ကတော့ လွှတ်တော်ကိုယ်စားလှယ်ကြီးများကို တင်ပြချင်တာက အကူအညီတောင်းချင်တာကတော့ ဒီဥပဒေကြီးကို လွှတ်တော်မှာ နောက်ဆုံးဆွေးနွေးတဲ့အခါမှာ မြန်မြန်ဆန်ဆန်နှင့်ပြီးအောင် ဆွေးနွေးစေချင်ပါတယ်။ ဒါမှ ထွက်လာရင် အကုန်ဝင်လာရင် ကျွန်တော်တို့ ခေါင်းမကိုက်တော့ဘူးခင်ဗျား။ အခုက ခေါင်းတော်တော် ကိုက်ရပါတယ်။ သူနာပြုတွေမရှိဘူး။ မရှိဘူး။ တော်တော်ခေါင်းကိုက် ရပါတယ်။ နောက် သူတို့က မရှိဘူးဆိုတာက အမှန်က သူတို့ကလုပ်ပြီးရင် (၃)နှစ်တက်ရမယ်။ (၃)နှစ်မပေးဘဲနဲ့ ထွက်ပြီးတော့ ပုဂ္ဂလိကဆေးရုံတွေက (၅)သိန်း၊ (၆)သိန်းပေးပြီး ခေါ်သွားတဲ့အခါကျတော့ ကျွန်တော်တို့ ဒုက္ခရောက်တယ်။ ဒီလိုသာထွက်လာလို့ရှိရင် ကျွန်တော်တို့ ဘာမှပြဿနာမရှိပါဘူး။ အဲဒါလေးကိုလည်း လွှတ်တော်ကိုယ်စားလှယ်ကြီးများကလည်း တတ်နိုင်သမျှ ကျွန်တော်တို့ အကူအညီ ပေးစေချင်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီပုသိမ် သားဖွားကျောင်းကို ကြည့်လိုက်တဲ့အခါမှာ ပုသိမ်၊ ဧရာဝတီတိုင်းဒေသကြီးမှာဆိုရင် ၁၉၆၂ ခုနှစ်ကနေ ၂၀၁၇ ခုနှစ်အထိ ထွက်ပါတယ်။ သူနာပြုပေါင်း(၁၉၀၂)ဦး ထွက်ပြီးပါပြီ။ သားဖွားပေါင်း (၂၂၈၈)ဦး ထွက်ပြီးပါပြီ။ ဒါပေမဲ့ ထွက်တဲ့ လူတွေက အကုန်မဝင်ဘူး။ သူနာပြုတွေက အကုန်အလုပ်မဝင်ဘူးခင်ဗျား။ အဲဒါ ကျွန်တော်တို့ နည်းနည်းလေး ပြဿနာပေါ့လေ။ ဒုက္ခရောက်တာတော့ မဟုတ်ဘူး၊ နည်းနည်းလေး ပြဿနာလေးရှိပါတယ်။ မကြာခင်မှာတော့ ပြေလည်သွားမယ်လို့ ထင်ပါတယ်။

နောက်တစ်ချက်က ပုသိမ်ကျောင်းမှာ ကျွန်တော်တို့ကြည့်တဲ့အခါမှာ ဆရာဦးရေက (၁၂)ဦးပဲ ရှိပါတယ်။ ဒီသားဖွားကျောင်းမှာ (၄)ဦးပဲရှိတယ်။ ဒါလည်း ကျွန်တော်တို့ ပြန်ပြီးခန့်မှာပါ။ ဆရာတွေကို ပြန်လောက်အောင်။ ဒါကတော့ သိပ်ပြီးပြဿနာမရှိဘူး။ ကျွန်တော်တို့ ပြန်ခန့်မှာ။ ဒါမှသာလျှင် ကျွန်တော်တို့က အရည်အသွေး ပြည့်မီတဲ့ဟာကို ဖြစ်မှာပါ။ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးတဲ့ အဆင့်မြှင့်ဆိုတာ ကျွန်တော် သိပ်နားမလည်ပါဘူး။ ဘာကိုဆိုလိုတာလဲဆိုတာ၊ အဆင့်မြင့်ဆိုတာက သားဖွားကျောင်းကနေပြီးတော့ တက္ကသိုလ်ဖြစ်ချင်တာလားဆိုတာတော့ ကျွန်တော်မသိပါဘူး။ တက္ကသိုလ်ကတော့ ဖြစ်လို့မရပါဘူး။ တက္ကသိုလ်မှာ (၂)ခုပဲရှိပါတယ်။ ရန်ကုန်သူနာပြုတက္ကသိုလ်နှင့် မန္တလေး သူနာပြုတက္ကသိုလ်၊ အဲဒီ(၂)ခုပဲ ရှိပါတယ်။ ကျွန်တော့်အနေနဲ့၊ အဲဒီတော့ ကျွန်တော့်အနေနဲ့ကတော့ လွှတ်တော်ကိုယ်စားလှယ်ကြီး တောင်းဆိုတဲ့အတိုင်း ပုသိမ်နဲ့ ဟင်္သာတမှာတော့ အခုမကြာခင်မှာပဲ တော်တော်များများ ထုတ်တော့မယ်ဖြစ်တဲ့အတွက်၊ နောက် မြောင်းမြကျောင်းကလည်း ၂၀၁၈-၂၀၁၉ မှာ စတင်ပေါ်လာတော့မယ် ဆိုလို့ရှိရင်တော့ ဧရာဝတီတိုင်းဒေသကြီးမှာ တော်တော်အဆင်ပြေမယ်လို့ ထင်ကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်။ ကျေးဇူးအများကြီး တင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

## အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**အချိန်၊ ၁၀း၃၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ်(၁၁)ဦး အမည်စာရင်း တင်သွင်းထားပါတယ်။ ဆွေးနွေးမယ့် ကိုယ်စားလှယ်များတစ်ဦးလျှင် (၈)မိနစ်ထက်မပိုဘဲ ဆွေးနွေးခွင့်ပြုမှာ ဖြစ်ပါတယ်။

ပထမဦးစွာ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဆန်းမြင့် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၃၇။**

**ဦးဆန်းမြင့်၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာပါ ခင်ဗျား။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဆန်းမြင့် ဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ၊ အဆိုပါ ဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေနဲ့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တင်ပြခြင်းအစီရင်ခံစာတို့အပေါ် ဆွေးနွေးတင်ပြမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျိုးကြောင်းဖော်ပြချက်အနေနဲ့ ဦးစွာတင်ပြရမယ်ဆိုရင် ဥပဒေမူကြမ်း ရေးဆွဲတဲ့နေရာမှာ ဥပဒေရဲ့ ဆိုလိုရင်း၊ အနှစ်သာရ၊ တစ်နည်းအားဖြင့် ဥပဒေရဲ့ ဝိညာဉ် (Spirit of Law) ဟာ အဓိကပဓာနကျတယ်ဆိုတာတော့ မှန်ပါတယ်။ ဒါပေမဲ့ တိကျမှန်ကန်ထိရောက်တဲ့ ဥပဒေ စကားလုံး၊ စကားရပ်၊ ဥပဒေစာသား (Letter of Law) နဲ့ ရေးသားဖော်ပြနိုင်မှသာ ဥပဒေရဲ့ဝိညာဉ် အသက်ဝင်ရှင်သန်နိုင်မယ်ဖြစ်ပါတယ်။နောက် ၂၀၁၃ ခုနှစ်၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေ၊ အခန်း(၂)ပါ ရည်ရွယ်ချက်(၆)ရပ်ကို ရည်မှန်းချက်ပန်းတိုင်အဖြစ် သတ်မှတ်ပြီး ပြင်ဆင်ဖြည့်စွက် ပြဋ္ဌာန်းပေးရမှာဖြစ်ပါတယ်။ ဒီတော့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင် သည့် ဥပဒေကြမ်းပါ အပိုဒ် ၂၊ ပုဒ်မ ၃၊ ပုဒ်မခွဲ(က)အဂတိလိုက်စားမှုဆိုသည်မှာ (၁)မည်သူမဆို ရာထူး တာဝန်နှင့်လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြု၍ဖြစ်စေ၊ အခြားနည်းဖြင့် ဖြစ်စေ၊ တစ်စုံတစ်ရာကို ပြုလုပ် ရန်၊ ဥပဒေနှင့်အညီ ပြုလုပ်ခြင်းမှ ရှောင်ကြဉ်စေရန်၊ တစ်ဦးတစ်ယောက်အား ဥပဒေနှင့်အညီ ရထိုက်သော အခွင့်အရေးကိုပေးရန်၊ ဥပဒေနှင့်အညီ ရထိုက်ခွင့်မရှိသော အခွင့်အရေးကိုပေးရန်၊ ဥပဒေနှင့်အညီ ရထိုက်သော အခွင့်အရေးကို ပိတ်ပင်ရန်တို့အတွက် သက်ဆိုင်သူထံသို့ဖြစ်စေ၊ သက်ဆိုင်သူထံမှဖြစ်စေ၊ တံစိုးလက်ဆောင်ကို မိမိအတွက်သော်လည်းကောင်း၊ အခြားသူတစ်ဦးဦး အတွက်သော်လည်းကောင်း၊ ပေးကမ်းခြင်း၊ ပေးကမ်းရန် အားထုတ်ခြင်း၊ လက်ခံခြင်း၊ ရယူခြင်း၊ ရယူရန်အားထုတ်ခြင်းတို့အား တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေ၊ တစ်နည်းနည်းဖြင့် ပြုလုပ်ခြင်း ဟူ၍ ပြင်ဆင်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာပါ မူလ ဥပဒေ ပုဒ်မ ၁၆၊ ပုဒ်မခွဲ(ဈ)ရဲ့နောက်မှာ ပုဒ်မခွဲ(ည)အဖြစ် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ သင်ခန်းစာများကို အခြေခံပညာအလယ်တန်းအဆင့်မှ စတင်၍ ပညာပေးသင်ကြားနိုင်ရေးအတွက် သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း ဆိုသည့်စကားရပ်ဖြင့် ပြင်ဆင် ဖြည့်စွက်သင့်ပါတယ်။ ဘာကြောင့်လဲဆိုရင် ပညာရှင်များရဲ့အဆိုအရ ကလေးသူငယ်များဟာ အသက် (၁၂)နှစ်အရွယ်လောက်ရောက်မှ တွေးခေါ်မြော်မြင် ဆင်ခြင်တတ်မှု ပိုမိုအားကောင်းလာတယ်လို့ ဆိုပါတယ်။ ဒါကြောင့်မို့လို့ အလယ်တန်းအဆင့်မှ စတင်သင့်တယ်လို့ အကြံပြုခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မူလဥပဒေ အခန်း(၁၀)၊ ပြစ်မှုနှင့် ပြစ်ဒဏ်များ ပုဒ်မ ၅၅ နိုင်ငံရေး ရာထူးလက်ရှိဖြစ်သူ သို့မဟုတ် နိုင်ငံရေးရာထူးလက်ရှိဖြစ်ခဲ့စဉ်အချိန်က မည်သူမဆို လာဘ်ပေး

လာဘ်ယူမှုကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို (၁၅)နှစ်ထက်မပိုသော ထောင်ဒဏ် ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်ဟူသော ပြစ်ဒဏ်ပြဋ္ဌာန်းချက်ကို ပိုမိုထိရောက်စေရန်၊ ပြစ်မှုနှင့်ပြစ်ဒဏ် မျှတစေရန်၊ ငါးကြီးကြီးကြော်ရန်အတွက် ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ်နှစ်(၂၀)ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည် ဟူ၍ ပြင်ဆင်သင့်ပါတယ်။

နောက် မူလဥပဒေ ပုဒ်မ ၅၆ နိုင်ငံရေးရာထူးလက်ရှိဖြစ်သူ၊ နိုင်ငံရေးရာထူး လက်ရှိဖြစ်သူ မှအပ အခြားလုပ်ပိုင်ခွင့်အာဏာရှိသူ မည်သူမဆို လာဘ်ပေးလာဘ်ယူမှု ကျူးလွန်ကြောင်း ပြစ်မှု ထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို (၁၀)နှစ်ထက်မပိုသော ထောင်ဒဏ် ချမှတ်ရမည့်အပြင် ငွေဒဏ် ကိုလည်း ချမှတ်နိုင်သည်ဟူသော ပြစ်ဒဏ်ပြဋ္ဌာန်းချက်ကို ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ်(၁၀)နှစ်မှ အများဆုံး ထောင်ဒဏ်(၁၅)နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်ဟူ၍ ပြင်ဆင်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။ အခြားသော ပြင်ဆင်ချက်များကိုတော့ ကျွန်တော် အားလုံး သဘောတူပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၄၃။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးတင်အောင်ထွန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၄၃။**

**ဦးတင်အောင်ထွန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)**။ ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါ ခင်ဗျား။ ကျွန်တော်က မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတင်အောင်ထွန်း ပါ။

အခုဆွေးနွေးမယ့် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီးတော့ မူလဥပဒေ တည်ရှိခဲ့တာကို အနည်းငယ်တင်ပြ ဆွေးနွေးလိုပါတယ်။ ဒီ ဥပဒေကို ၇-၈-၂၀၁၃ ရက်နေ့က ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၃ နဲ့ ပြဋ္ဌာန်းခဲ့ပြီး ၁၇-၉-၂၀၁၃ ရက်နေ့က စတင် အာဏာတည်ခဲ့ပါတယ်။ အခန်း(၁၀)ခန်း၊ ပုဒ်မ(၇၃)ခုပါရှိခဲ့ပြီး ဒီဥပဒေနဲ့ ၁၉၄၈ ခုနှစ်၊ အဂတိလိုက်စားမှုတားမြစ်ရေး အက်ဥပဒေကို ရုပ်သိမ်းခဲ့ပါတယ်။ ၂၃-၇-၂၀၁၄ ရက်နေ့မှာ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၃ နဲ့ ပြင်ဆင်တဲ့ဥပဒေ ထွက်ခဲ့ပါတယ်။ လာဘ်ပေးလာဘ်ယူမှု ဆိုတဲ့စကားရပ်ကို အဂတိလိုက်စားမှု ဆိုတဲ့စကားရပ်နဲ့ အစားထိုးပြီး ပုဒ်မ ၁၄ ကို နိုင်ငံတော်သမ္မတက အဖွဲ့ဝင်များရဲ့ စရိတ်နဲ့ ခံစားခွင့်များကို သတ်မှတ်ပေးနိုင်တာ၊ ပြင်ဆင်ပြောင်းလဲ နိုင်တာ၊ ပုဒ်မ(၇၀)ကို ပုဒ်မခွဲ(၃)ခုနဲ့ အဆင့်သတ်မှတ်တာ၊ စရိတ်နဲ့ အဆောင်အယောင်ခံစားခွင့်ပြုတာ၊ ပြည်သူ့ဝန်ထမ်းအဖြစ် မှတ်ယူတာတွေ အစားထိုး ပြင်ဆင်ခဲ့တာပါ။ ဒါက ပထမအကြိမ်လွှတ်တော် သက်တမ်းမှာ ပြဋ္ဌာန်းဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီဥပဒေကို လွှတ်တော်ရဲ့ ဒုတိယသက်တမ်းဖြစ်တဲ့ကာလ ၂၉-၇-၂၀၁၆ ရက်နေ့က ပြည်ထောင်စုလွှတ်တော်

ဥပဒေအမှတ် ၃၃ နဲ့ ဒုတိယအကြိမ် ပြင်ဆင်တဲ့ဥပဒေ ပြဋ္ဌာန်းခဲ့ပါတယ်။ ပုဒ်မ ၅ မှာ ပါရှိတဲ့ အဖွဲ့ဝင်(၅)ဦးစီကို ဆိုတဲ့စကားရပ်အစား (၅)ဦးစီထက်မပိုသော အရေအတွက်တူညီသည့် အဖွဲ့ဝင်များကို ဆိုတဲ့စကားရပ် အစားထိုးတာ။ ပုဒ်မ ၇၊ ပုဒ်မခွဲ(က)မှာပါရှိတဲ့ ရွေးချယ်ထားသည့် အဖွဲ့ဝင်စုစုပေါင်း (၁၅)ဦး၏ဆိုတဲ့ စကားရပ်ကို ရွေးချယ်ထားသည့် အဖွဲ့ဝင်များ၏ ဆိုတဲ့စကားရပ် အစားထိုးပြင်ဆင်တာဖြစ်ပါတယ်။ ၃၀-၇-၂၀၁၇ ရက်နေ့ကတော့ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၈ နဲ့ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေကို တတိယအကြိမ် ပြင်ဆင်တဲ့ ဥပဒေခေါင်းစဉ်နဲ့ ပုဒ်မ ၉၊ ပုဒ်မခွဲ(ခ)မှာ ပါရှိတဲ့ အသက်(၇၀)နှစ်ထက် မကြီးသူ ဆိုတဲ့စကားရပ်ကို အသက်(၇၅)နှစ်ထက် မကြီးသူဆိုတဲ့ စကားရပ်နဲ့ အစားထိုးတာတစ်ခုတည်း ပြင်ဆင်ခဲ့တာဖြစ်ပါတယ်။

အခု ပြင်ဆင်တဲ့အခါမှာလည်း ဥပဒေကြမ်းခေါင်းစဉ်နဲ့ အပိုဒ် ၁ ကို အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းလို့ ထားရှိသင့်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ၂၀၁၈ ခုနှစ်အတွင်းထဲမှာ နောက်တစ်ကြိမ် ထပ်ပြီးပြင်ဆင်မယ်ဆိုရင် အကြိမ်နဲ့ သတ်မှတ်ဖော်ပြမှ သင့်တော်မှာဖြစ်လို့ ဖြစ်ပါတယ်။ နောက်တစ်ခုကတော့ မူလဥပဒေရဲ့ အခန်း(၃) ကော်မရှင်ရဲ့ တာဝန်နှင့် လုပ်ပိုင်ခွင့်များ ပုဒ်မ ၁၆၊ ပုဒ်မခွဲ(ဇ)မှာ နှစ်ပတ်လည်လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့ထံ သတ်မှတ်ချက်များနှင့်အညီ တင်ပြခြင်း၊ ဒီနေရာမှာ ကျွန်တော့်အနေနဲ့ အများပြည်သူ  သိရှိနိုင်ရန် ထုတ်ပြန်ကြေညာခြင်း ဆိုပြီးတော့ ထပ်မံဖြည့်စွက်လိုပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ကိုယ်တိုင်ကိုပဲ ပြီးခဲ့တဲ့နှစ်တွေကတည်းက အဂတိလိုက်စားမှုနဲ့ ပတ်သက်တဲ့ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို ကိုယ်စားလှယ်တစ်ဦးအနေနဲ့ သိရှိလိုလို့ သုတေသနဌာနတွေ မေးမြန်းတဲ့ အချိန်အခါမျိုးမှာကို ကြုံတွေ့တာက ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုလွှတ်တော်နာယက၊ ဥက္ကဋ္ဌနှင့် နာယကတွေဆီကို ပို့တာဖြစ်လို့မို့လို့ ကျွန်တော်တို့ သိရှိလို့ မရဘူးဆိုတဲ့ ပြန်ကြားချက်နဲ့ ကျွန်တော်တို့ကိုယ်တိုင် မသိရှိရတဲ့ အခြေအနေမျိုးကို ကြုံတွေ့ခဲ့ရလို့ ဖြစ်ပါတယ်။

နောက်တစ်ခုကတော့ ဥပဒေရဲ့ အခန်း(၇)မှာပါတဲ့ အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍ သတင်းပေးဆောင်ရွက်ခြင်း ဆိုတာနဲ့အညီပဲ မူလဥပဒေရဲ့ ပုဒ်မ ၄၃ မှာ အပိုဒ်ခွဲ(ဃ)အဖြစ်နဲ့ မည်သူမဆို အဂတိလိုက်စားမှု ကျူးလွန်ကြောင်း တွေ့ရှိပါက သက်ဆိုင်ရာက ဥပဒေနှင့်အညီ အရေးယူနိုင်ရေးအတွက် ကော်မရှင်သို့ တိုက်ရိုက်အကြောင်းကြား တိုင်ကြားနိုင်သည်လို့ ဖြည့်စွက်လိုပါတယ်။ အခု ကျွန်တော်တို့ လက်ရှိအနေအထားထဲမှာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနဲ့ ပတ်သက်ပြီးတော့ တိုင်တန်းလိုတဲ့ ပြည်သူလူထုတွေက ဒီ ဥပဒေမှာ ပြဋ္ဌာန်းထားတဲ့အချက်နဲ့ တိုက်ရိုက်တိုင်တန်းလို့ မရဘဲနဲ့ အဂတိလိုက်စားမှု တိုက်ဖျက်လို့ပေါ်တာကို အနည်းဆုံး ကျွန်တော်တို့က တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ကိုပဲ အရင် တိုင်တန်းပြီးတော့ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ကနေပြီးတော့ ကော်မရှင်ကို ကျွန်တော်တို့ နောက်တစ်ဆင့်ထပ်ပြီးတော့ တိုင်တန်းမှုကို အရေးယူဆောင်ရွက်ပေးနိုင်ဖို့ ပေးပို့တဲ့အချိန်မျိုးကျမှ တချို့ကိစ္စတွေက ကျွန်တော်တို့ အကောင်အထည်ဖော်တာ ရှိသလိုပဲ အကောင်အထည်ဖော်မပေးနိုင်တဲ့ အမှုကိစ္စတွေ အများကြီးဖြစ်နေတဲ့အတွက် ဖြစ်ပါတယ်။

နောက်တစ်ခုက ပုဒ်မ ၄၄ မှာလည်း အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍ဖြစ်စေ၊ လုပ်ပိုင်ခွင့် အာဏာရှိသူတစ်ဦးဦးက အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာမှုနှင့် စပ်လျဉ်းဖြစ်စေ၊ အဂတိလိုက်စားကြောင်း နစ်နာသူနှင့် သိရှိသူက သတ်မှတ်ထားသည်နှင့်အညီ ကော်မရှင်သို့ ကော်မရှင်ရုံးသို့ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်လို့ ဆိုပြီးတော့ ကျွန်တော့်အနေနဲ့ ဖြည့်စွက်ပြီးတော့ ပြင်ဆင်လိုပါတယ်။

ဒီလို ဖြည့်စွက် ပြင်ဆင်ခြင်းကလည်း ကျွန်တော်တို့ ပုဒ်မ ၄၃၊ အပိုဒ်ခွဲ(ဃ) ထပ်မံဖြည့်စွက်တာနဲ့အညီဖြစ်ပါတယ်။ ဒါမှသာ အဂတိလိုက်စားမှုများကို ကျယ်ကျယ်ပြန့်ပြန့် သိရှိပြီးတော့ ဖော်ထုတ်အရေးယူနိုင်မှာဖြစ်လို့ အခုလို ဆွေးနွေးရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၄၈။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါ်မြတ်သီတာထွန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၄၈။**

**ဒေါ်မြတ်သီတာထွန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ဝန်ထမ်းများ အားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)က ဒေါ်မြတ်သီတာထွန်း ဖြစ်ပါတယ်။ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်တဲ့ ဥပဒေကြမ်းနဲ့ စပ်လျဉ်းပြီးတော့ ဆွေးနွေးသွားမှာဖြစ်ပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်။ အကျင့်ပျက်ခြစားမှု မြင့်မားတဲ့ ကျွန်မတို့နိုင်ငံမှာ ဒီလိုအခြေအနေတွေကို တိုက်ဖျက်ဖို့အတွက် ထိရောက်တဲ့ဥပဒေလိုပါတယ်။ အထူးသဖြင့် ဗျူရိုကရေစီဆိုင်ရာ အဂတိလိုက်စားမှုဟာ အခု အစိုးရအသစ်က ဖော်ဆောင်နေတဲ့ တိုင်းပြည်ပြောင်းလဲတိုးတက်ဖို့အတွက် ကြီးမားတဲ့ အဟန့်အတား အနှောင့်အယှက်ဖြစ်သလို ပြည်သူများကို တိုက်ရိုက်ထိခိုက်နစ်နာစေတဲ့၊ အစိုးရအပေါ်မှာ ပြည်သူများ ငြိုငြင်စေတဲ့ အဓိကအကြောင်းတရားများပဲ ဖြစ်ပါတယ်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေကို ကျွန်မတို့ ဒုတိယအကြိမ် လွှတ်တော်သက်တမ်းမှာပဲ တစ်နှစ်အတွင်းမှာ (၂)ကြိမ် ပြင်ဆင်ခဲ့ပြီး ဖြစ်ပါတယ်။ အခုအကြိမ်ကတော့ တတိယအကြိမ်မြောက် ပြင်ဆင်ခြင်းပဲ ဖြစ်ပါတယ်။ လက်ရှိအခြေအနေတွေပေါ်မှာ လိုအပ်ချက်အရ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်တွေဟာ အတော်လေးပဲ ပြည့်စုံကောင်းမွန်မှု ရှိတဲ့အတွက် ကျွန်မအနေနဲ့ တချို့အချက်တွေပေါ်မှာပဲ အနည်းငယ် ပြင်ဆင်ဖြည့်စွက်စရာ ရှိပါတယ်။

အခန်း(၁)၊ ပုဒ်မ ၂ ဖြစ်ပါတယ်။ မူလဥပဒေ ပြဋ္ဌာန်းချက်မှာ ဤဥပဒေအရ အရေးယူနိုင်သော ပြစ်မှုတစ်ရပ်ရပ်ကို ပြည်တွင်းတွင် မည်သူမဆို ကျူးလွန်လျှင်ဖြစ်စေ၊ ပြည်ပတွင် မြန်မာနိုင်ငံသား သို့မဟုတ် မြန်မာနိုင်ငံတွင် အမြဲတမ်းအခြေစိုက်နေထိုင်သူက ကျူးလွန်လျှင်ဖြစ်စေ ဤဥပဒေနှင့် သက်ဆိုင်စေရမည်လို့ ပြဋ္ဌာန်းထားပြီးတော့ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်မှာတော့ ဤဥပဒေအရ

အရေးယူနိုင်သော ပြစ်မှုတစ်ရပ်ရပ်ကို မည်သူမဆို ပြည်တွင်းတွင် သို့မဟုတ် မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေအရ မှတ်ပုံတင်ထားသော ရေယာဉ်နှင့် လေယာဉ် တစ်ခုခုပေါ်တွင် ကျူးလွန်လျှင်ဖြစ်စေ၊ မြန်မာနိုင်ငံသား သို့မဟုတ် မြန်မာနိုင်ငံတွင် အမြဲတမ်းနေထိုင်သည့် သို့မဟုတ် နေထိုင်ခွင့်ပြုသည့် နိုင်ငံခြားသားက ပြည်ပတွင် ကျူးလွန်လျှင်ဖြစ်စေ ဤဥပဒေအရ အရေးယူစီရင်ပိုင်ခွင့် ရှိစေရမည်လို့ ပြင်ဆင်ထားပါတယ်။

ဒီပြင်ဆင်ချက်ပေါ်မှာ ကျွန်မအနေနဲ့ မည်သူမဆို ဤဥပဒေအရ အရေးယူနိုင်သော ပြစ်မှုတစ်ရပ်ရပ်ကို ပြည်တွင်းတွင် သို့မဟုတ် မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေအရ မှတ်ပုံတင်ထားသော ရေယာဉ် သို့မဟုတ် လေယာဉ်တစ်ခုခုပေါ်တွင် ကျူးလွန်လျှင်ဖြစ်စေ၊ မြန်မာနိုင်ငံသား သို့မဟုတ် မြန်မာနိုင်ငံတွင် အမြဲတမ်းနေထိုင်သည့် သို့မဟုတ် နေထိုင်ခွင့်ရရှိထားသည့် နိုင်ငံခြားသားက ပြည်ပတွင် ကျူးလွန်လျှင်ဖြစ်စေ ဤဥပဒေအရ အရေးယူစီရင်ပိုင်ခွင့်ရှိစေရမယ်လို့ ပြင်ဆင်လိုပါတယ်။

အခန်း ၁ ရဲ့ ပုဒ်မ ၃(က)၊ ပုဒ်မခွဲငယ် ၁ ဖြစ်ပါတယ်။ ဒီနေရာမှာ ဥပဒေကြမ်းကော်မတီက တံစိုးလက်ဆောင်ကို တစ်ဦးတစ်ယောက်အား ပေးခြင်း၊ ပေးရန်အားထုတ်ခြင်း၊ လက်ခံခြင်း၊ ရယူခြင်း၊ ရယူရန်အားထုတ်ခြင်းဆိုတဲ့ အပိုင်းလေးကို ပြင်ဆင်ထားပါတယ်။ ကျွန်မအနေနဲ့က ဒီဥပဒေပုဒ်မကို မည်သူမဆို ရာထူးတာဝန်ကို အလွဲသုံးစားပြု၍ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ၊ တစ်စုံတစ်ရာကို ပြုလုပ်ရန် သို့မဟုတ် ဥပဒေနှင့်အညီ ပြုလုပ်ခြင်းမှ ရှောင်ကြဉ်စေရန် သို့မဟုတ် တစ်ဦးတစ်ယောက်အား ဥပဒေနှင့်အညီ ရထိုက်သော အခွင့်အရေးကိုပေးရန် သို့မဟုတ် ဥပဒေနှင့်အညီ ရထိုက်ခွင့်မရှိသော အခွင့်အရေးကိုပေးရန် သို့မဟုတ် ဥပဒေနှင့်အညီ ရထိုက်သော အခွင့်အရေးကို မမှန်မကန်ပိတ်ပင်ရန်အတွက် တံစိုးလက်ဆောင်ကို တစ်ဦးတစ်ယောက်အား ပေးခြင်း၊ ပေးရန်အားထုတ်ခြင်း၊ သို့မဟုတ် တစ်ဦးတစ်ယောက်ထံမှ လက်ခံခြင်း၊ ရယူခြင်း၊ ရယူရန် အားထုတ်ခြင်းဆိုပြီးတော့ ပြင်ဆင်လိုပါတယ်။

အခန်း ၁၊ ပုဒ်မ ၃(ဂ) ဖြစ်ပါတယ်။ ကျော်ဇောသတင်းဆိုသည်မှာ အများပြည်သူအတွင်း ပျံ့နှံ့နေသော သတင်းတစ်ရပ်ရပ်တွင် သူတစ်ဦးဦးသည် အဂတိလိုက်စားမှုနှင့်ပတ်သက်၍ ဤဥပဒေအရ ပြစ်မှုကျူးလွန်မှုရှိကြောင်း သက်ာမကင်းဖွယ်ရာဖြစ်ခြင်းအတွက် ခိုင်လုံသည့် အထောက်အထားရှိသည်ဟု ကော်မရှင်က ယုံကြည်ရန်အကြောင်း ပေါ်ပေါက်သော သတင်းကို ဆိုသည်လို့ ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားပါတယ်။ ကျွန်မအနေနဲ့က ကျော်ဇောသတင်းဆိုသည်မှာ အများပြည်သူအတွင်း ပျံ့နှံ့နေသော သတင်းတစ်ရပ်ရပ်တွင် သူတစ်ဦးဦးသည် အဂတိလိုက်စားမှုနှင့်ပတ်သက်၍ ဤဥပဒေအရ ပြစ်မှုကျူးလွန်မှုရှိကြောင်း သက်ာမကင်းဖွယ်ရာဖြစ်ခြင်းအတွက် ခိုင်လုံသည့်အထောက်အထား ရှိနိုင်သည်ဟု ကော်မရှင်က ယုံကြည်ရန် အကြောင်းပေါ်ပေါက်သော သတင်းကို ဆိုသည်လို့ နိုင်ဆိုတဲ့ ကျွန်မ စကားရပ်တစ်ခုကို ထည့်သွင်းလိုပါတယ်။

နောက်တစ်ခုကတော့ အခန်း ၇ ရဲ့ ပုဒ်မ ၄၄ ဖြစ်ပါတယ်။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ဖြစ်စေ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့

တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ၊ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်လို့ ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားပါတယ်။ ဒီ အချက်ကို ကျွန်မ ထောက်ခံပါတယ်။ ဘာကြောင့်လဲဆိုတော့ အရင်ဥပဒေမှာဆိုလို့ရှိရင် နစ်နာသူက တိုင်တန်း ရမယ်ဆိုပြီးတော့ ပြဋ္ဌာန်းချက် ပါ ပါတယ်။ အဲဒီတော့ နစ်နာသူဟာ တခြားတစ်ဖက်မှာလည်း သူဟာ လာဘ်ပေးသူဖြစ်နေတဲ့အတွက်ကြောင့် ဒီလိုမျိုး လာဘ်ပေးလာဘ်ယူကိစ္စတွေဟာ တိုင်တန်းမှုတွေ အင်မတန် လျော့နည်းရခြင်းဖြစ်ပါတယ်။ အခုတော့ တာဝန်သိတဲ့ပြည်သူ မည်သူမဆိုက တိုင်တန်း နိုင်တဲ့အတွက် ဒီ ပြင်ဆင်ချက်ကို ကျွန်မအနေနဲ့ ထောက်ခံပါကြောင်း ဆွေးနွေးရင်း နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၅၃။**

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးလှဦး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၅၃။**

**ဦးလှဦး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စု ဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး နှလုံးစိတ်ဝမ်း အေးမြကြပါစေကြောင်း ဂါရဝပြု နှုတ်ခွန်း ဆက်ပါတယ်။ ကျွန်တော်က စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလှဦး ဖြစ်ပါတယ်။ ကျွန်တော်ဆွေးနွေးမှာက အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ်မှာ ထောက်ခံအကြံပြု ဆွေးနွေးမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဂတိလိုက်စားမှုဆိုတာ လောကသစ္စာတရားအရ အကြောင်းတရား၊ အကျိုးတရားတို့ကြောင့် ဆက်နွယ်ပတ်သက်ကြရာမှ မညီမျှခြင်း၊ တရားမမျှတခြင်း၊ လူသားအခွင့်အရေး ထိပါစေခြင်းဆိုတဲ့ လောကပါလတရား ပျက်သုဉ်းခြင်းပါပဲ။ လူသားအားလုံးဟာ လွတ်လပ်သူများအဖြစ် မွေးဖွားလာကြပြီးတော့ ဂုဏ်သိက္ခာနှင့် အခွင့်အရေးများ တန်းတူရည်တူ ရှိကြ ပါတယ်။ လူတိုင်းဟာ လူမျိုး၊ အသားအရောင်၊ အမျိုးသား၊ အမျိုးသမီး၊ ဘာသာစကား၊ ကိုးကွယ်သည့် ဘာသာ၊ နိုင်ငံရေး သို့မဟုတ် အခြားအယူအဆ၊ နိုင်ငံသား သို့မဟုတ် လူမှုအဆင့်အတန်းနှင့်ဆိုင်သော ဇာစ်မြစ်၊ ပစ္စည်းဥစ္စာဂုဏ်၊ မျိုးရိုးဇာတိဂုဏ်နှင့် အခြားအဆင့်အတန်း စသည့်ခွဲခြားမှု မရှိစေရပါဘူး။ လူတိုင်းတွင် အသက်ရှင်သန်ခွင့်၊ လွတ်လပ်ခွင့်နှင့် လူပုဂ္ဂိုလ်လုံခြုံခွင့်ဆိုင်ရာရှိသလိုပဲ လူတိုင်းဟာ ဥပဒေအရာမှာ လူပုဂ္ဂိုလ်တစ်ဦးဦးအဖြစ် နေရာတိုင်းမှာ အသိအမှတ်ပြုခြင်းကို ခံယူပိုင်ခွင့်ရှိပါတယ်။ ဒါကြောင့်လည်း ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းအဖြစ်နဲ့ ကမ္ဘာပေါ်မှာ အတူတကွနေထိုင်ကြတဲ့ လူသားအားလုံးအတွက် တန်းတူညီမျှတဲ့ လူသားအခွင့်အရေးကို အထင်အရှား တရားဝင် အသိအမှတ် ပြုထားကြခြင်း ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာတော့ မြန်မာနိုင်ငံသားဥပဒေ၊ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဥပဒေ၊ လူပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်လုံခြုံခွင့်ဥပဒေတို့ကို လူသားအခွင့်အရေးများကို အခြေခံပြီးတော့ ပြဋ္ဌာန်းထားပါတယ်။ ဘာကိုရည်ရွယ်သလဲဆိုရင် လူဆိုတာ လူဆိုတဲ့ သဘာဝတရားအရ

ရပိုင်ခွင့်နှင့် တာဝန်တွေဟာ လူသားအချင်းချင်း အသာစီးဘက်လိုက်မှုမရှိစေဘဲ တန်းတူညီမျှခြင်းပါပဲ။ ဒီ အဂတိတရားလိုက်စားမှုဥပဒေဟာ အခု ကျွန်တော်ပြောခဲ့တဲ့ လူသားအချင်းချင်း မိမိဉာဏ်တရား၊ ကံတရားအရ ကွဲပြားခြားနားနေကြတဲ့ လူ့အနေအထားတွေအရ ခွဲခြားဆက်ဆံခြင်း၊ အခွင့်အာဏာနဲ့ အနိုင်ယူခြင်း၊ ရပိုင်ခွင့်နှင့်တာဝန်ကို တားမြစ်ချက်များနဲ့ လူ့အခွင့်အရေး ထိပါးအောင် လူသားဝါဒ ဆုံးရှုံးစေခြင်း မဖြစ်ရလေအောင် ကာကွယ်တားဆီးထားတဲ့ ဥပဒေဖြစ်လို့ အထူးကြိုဆိုပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အထူးအလေးထားပြီး လေးစားမှုနဲ့ ကြိုဆိုလိုတာက ကျွန်တော်တို့ လွှတ်တော်ကြီးက အသစ်တာဝန်ပေးအပ်ခန့်ထားလိုက်တဲ့ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင် ဥက္ကဋ္ဌကြီးကိုယ်တိုင်က လိုအပ်တဲ့ ဥပဒေပြင်ဆင်ချက်များကို တင်သွင်းလို့ပါပဲ။ ဒီ ဥပဒေရဲ့ ပုဒ်မ ၃၊ ပုဒ်မခွဲ (က-၁) ပြဋ္ဌာန်းချက်မှာ အဂတိလိုက်စားသည်ဆိုသည်မှာ အဓိပ္ပာယ်ဖွင့်ဆိုတဲ့နေရာမှာ လုပ်ပိုင်ခွင့်အာဏာရှိသူက ဆိုတဲ့ စကားရပ်ကို မည်သူမဆို ဆိုပြီးတော့ ပြင်ဆင်လိုက်တာနဲ့ လာဘ်ယူ သူရော၊ လာဘ်ပေးသူရော အကျုံးဝင်သွားလို့ ပိုမိုပြည့်စုံပါတယ်။ ဒါ့အပြင် ဒီဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ (က-၂) ပြဋ္ဌာန်းချက်မှာ အစိုးရအဖွဲ့က သက်ဆိုင်မှုရှိသော သဘောတူစာချုပ်တစ်ခုတွင် ပါဝင်ခြင်း၊ စီမံဆောင်ရွက်ခြင်းပြုရာတွင်ဖြစ်စေလို့ ထည့်သွင်းထားလို့ အခြားအဖွဲ့အစည်းများလည်း အကျုံးဝင်လို့ ပြည့်စုံပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ(ခ) နောက်ဆက်တွဲ ပုဒ်မခွဲ(ဂ)အဖြစ် ကျော်ဇော သတင်းရှိသူများကို အရေးယူနိုင်ဖို့ ပြဋ္ဌာန်းထားတာဟာ အလွန်ကောင်းပါတယ်။ လာဘ်ပေးလာဘ်ယူမှု ဆိုတာ လူမသိအောင် ဆောင်ရွက်ကြတာမို့ အဆင်ပြေရင်၊ ပြဿနာမတက်ရင် အတိုင်အတော မရှိကြပါဘူး။ အခုဟာ ကျော်ဇောသတင်း အထင်အရှား ရှိကာမျှနဲ့ တိုင်သူမရှိဘဲ ကော်မရှင်က အရေးယူနိုင်လို့ ပြည့်စုံကောင်းမွန်တဲ့ဥပဒေ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီ ဥပဒေမှာ ထူးခြားတာက ပုဒ်မ ၁၆၊ ပုဒ်မခွဲ(ဈ)ရဲ့ နောက်မှာ ပုဒ်မခွဲ(ည)အဖြစ် ဖြည့်စွက်ရမယ့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ သင်ခန်းစာ များကို အခြေခံပညာ မူလတန်းအဆင့်မှစ၍ ပညာသင်ကြားနိုင်ရေးအတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့ အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းဆိုတဲ့ပုဒ်မဟာ ကလေးသူငယ်များရဲ့ ယဉ်ကျေးဖြူစင် သိမ်မွေ့ တဲ့စိတ်တွေကို ညစ်နွမ်းသွားတဲ့ လူကြီးများမဖြစ်အောင် ရည်ရွယ်ချက်ကောင်းမွန်ပါတယ်။ ဒါ့အပြင် တိုင်ကြားသူအား လိုအပ်သော အကာအကွယ်ပေးနေရန် နည်းလမ်းများကို ပုဒ်မ ၁၇ မှာ ပုဒ်မခွဲ(ဈ)ကို ပုဒ်မခွဲ(ည)အဖြစ် ပြဋ္ဌာန်းရာမှာ ဘယ်လိုကာကွယ်ပေးမယ်ဆိုတာ ရှင်းရှင်းလင်းလင်း ဖော်ပြသင့်ပါ ကြောင်း အကြံပြုဆွေးနွေးပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပုဒ်မ ၄၃၊ ပုဒ်မခွဲ(ခ)နဲ့ ပုဒ်မခွဲ(ဂ)၊ ပုဒ်မခွဲငယ် ၂(ခ)မှာ ပြည်သူ့လွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များသည် မည်သူကိုမဆို အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာခြင်း၊ ရာထူးဆိုင်ရာလုပ်ပိုင်ခွင့် အလွဲသုံးစားပြုခြင်း သို့မဟုတ် အဂတိလိုက်စားမှုကျူးလွန်ခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ လွှတ်တော်ဥက္ကဋ္ဌထံသို့ တင်ပြခွင့်ရှိသည်လို့ ထည့်သွင်းထားသည့်အတွက် လွှတ်တော်အခန်းကဏ္ဍပါဝင်လာလို့ အထူးဝမ်းသာပါကြောင်း တင်ပြ အပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပုဒ်မ ၄၄ မှာ မည်သူမဆို အဂတိလိုက်စားမှုနဲ့ စပ်လျဉ်း၍သော် လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း သတ်မှတ်ချက်များနှင့်အညီ သတင်းပေးပို့ချက်နဲ့ တိုင်တန်းချက်များ ပေးပို့နိုင်သည်လို့ ပြဋ္ဌာန်းထားလို့ ပြည်သူများ ကိုယ်တိုင်သတင်းပေး တိုင်ကြားနိုင်ပါတယ်။ ပြည်သူလူထုကို အခြေပြုလို့ ဒီပြဋ္ဌာန်းချက် ကိုလည်း ကြိုဆိုပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပုဒ်မ ၅၉ မှာ ခိုင်လုံသော အကြောင်းမရှိဘဲ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန်၊ ဂုဏ်သရေပျက်စေရန် မမှန်မကန်တိုင်တန်းခဲ့လျှင် ပြစ်ဒဏ်သုံးနှစ်ချမှတ်ရမည်လို့၊ Must Be ရမည်လို့ တထစ်ချ ပြဋ္ဌာန်းခြင်းအား ပြင်ဆင်သင့်ပါတယ်။ ဘာလို့လဲဆိုရင် ပြည်သူများဟာ အမှန်တရား ဖော်ထုတ်ချင်ပေမယ့် မျက်စိပိတ်၊ နားပိတ်ခံခဲ့ရတဲ့ ကာလတွေရဲ့အောက်မှာ နေခဲ့ရတာကြာသည့်အတွက် အလေ့အကျင့်နည်းပါးခြင်း၊ အသိတရား နည်းပါးခြင်းနဲ့ ကြောက်ရွံ့ထိတ်လန့်ခြင်း၊ ပညာမတတ်သည့်ပြည်သူများက များနေခြင်း၊ ဒါတွေကို ထည့်သွင်းတွက်ချက်ပြီးတော့ တိုင်တန်းချင်တယ် မှန်စေဦး အကယ်၍ဆိုတဲ့ သံသယစိတ်များ ဝင်လာ ခဲ့ရင် တိုင်ချင်သူများအတွက် များစွာအနှောင့်အယှက်ဖြစ်စေပါတယ်။ အဲဒါကြောင့် ပြစ်ဒဏ်(၆)လ သို့မဟုတ် ဒဏ်ငွေတစ်မျိုးမျိုး ကျခံနိုင်သည်၊ Can Be ချမှတ်နိုင်သည်လို့ ပြဋ္ဌာန်းသင့်ပါကြောင်း အကြံပြု ဆွေးနွေးအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ် တင်ပြလိုပါတယ်။ ပုဒ်မ ၃၆၊ ပုဒ်မခွဲ(ခ) မှာ ကော်မရှင်သည် ပြည်ထောင်စုအစိုးရအဖွဲ့အစည်း သဘောတူညီချက်ဖြင့် ကော်မရှင်ရုံးခွဲများကို ဖွဲ့စည်းနိုင်သည်လို့ ရုံးခွဲများရှိလို့ မည်သူမဆို ပြည်သူများက မိမိတို့ကိုယ်တိုင် နိုင်ငံသားပီသစွာနဲ့ နီးစပ်ရာရုံးခွဲတွေမှာ အလွယ်တကူတိုင်တန်းနိုင်လို့ အခွင့်အရေးရပါပြီ။ ဒီဥပဒေဟာ အဂတိလိုက်စား ခြင်းဆိုင်ရာ လာဘ်ပေးလာဘ်ယူမှု ကိစ္စရပ်များအပြင် ရာထူးတာဝန်ကို အလွဲသုံးစားပြုပြီးတော့ အများ ကိုယ်ကျိုးစီးပွားကို ထိခိုက်စေတဲ့ ဥပဒေနဲ့မညီတဲ့ ဆောင်ရွက်မှုများပါ အကျုံးဝင်ပြီဖြစ်လို့ ယနေ့ မြန်မာနိုင်ငံတော်ကြီးမှာ စိတ်ဓာတ်ယိုယွင်းပျက်စီးနေကြတဲ့ ပုဂ္ဂိုလ်အသီးသီးတိုင်းဟာ ပြည်သူ့ဘဏ္ဍာများ ရယူသုံးစွဲ အလွဲသုံးစားပြုလုပ်ခြင်းဘေးမှ အမြန်ဆုံးကင်းဝေးနိုင်အောင် ဒီဥပဒေဖြင့် ထိရောက်စွာ အကာကွယ်ပေးနိုင်ဖို့ ဒီလွှတ်တော်ကြီးက အတည်ပြုပြဋ္ဌာန်းပေးနိုင်ပါရန် ထောက်ခံတင်ပြ ဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၀၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် ကျန်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်များ (၂၇)ရက်မြောက်နေ့ ၁၃-၃-၂၀၁၈ (အင်္ဂါနေ့) အစည်းအဝေးမှာ ဆက်လက် ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု နည်းဥပဒေများနှင့် စပ်လျဉ်း၍ လွှတ်တော်သို့ တင်ပြခြင်းနှင့် အတည်ပြုချက် ရယူခြင်း**

**အချိန်၊ ၁၁း၀၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက ၃၀-၃-၂၀၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃၅/၂၀၁၇ ဖြင့် ထုတ်ပြန်ခဲ့သော မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု နည်းဥပဒေများကို ပြည်သူ့လွှတ်တော်က ၂၀-၂-၂၀၁၈ ရက်နေ့တွင် ပြင်ဆင်ချက်ဖြင့် အတည်ပြုခဲ့ပါတယ်။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုခဲ့သည့် ပြင်ဆင်ချက်ဇယားကို ၂၃-၂-၂၀၁၈ ရက်နေ့တွင် လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော မြန်မာနိုင်ငံရင်းနှီး မြှုပ်နှံမှုနည်းဥပဒေများနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို ဆွေးနွေးရန် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးရန် အမည်စာရင်း တင်သွင်းတဲ့ လွှတ်တော် ကိုယ်စားလှယ်မရှိတဲ့အတွက် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုရန် လွှတ်တော်ရဲ့ သဘောထားရယူသွားမှာ ဖြစ်ပါတယ်။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု နည်းဥပဒေများကို ပြည်သူ့ လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုကြောင်း ကြေညာပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၂၇)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁း၀၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ်အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၇)ရက်မြောက်နေ့ကို ၂၀၁၈ ခုနှစ်၊ မတ်လ ၁၃ ရက် (အင်္ဂါနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ် ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။အားလုံးထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့ကို ၁၁း၀၂ နာရီအချိန်တွင်ရပ်နားပါသည်။]